ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့ (23-11-2014) (၈၀၃၃)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘ၀သမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ သဟဇာတမျှတစွာဖြင့် နေထိုင်သွားနိုင်စေရန် စွမ်းဆောင်ကြိုးပမ်း

တောင်ကြီး နိုဝင်ဘာ ၂၂

**တောင်ကြီးမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပသည့် ရှမ်းနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်၍ နှစ်သစ်ကူးမင်္ဂလာမိန့်ခွန်းပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမွန်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နှစ်သစ်မင်္ဂလာမိန့်ခွန်းပြောကြားရာတွင် ယနေ့ မကြုံစဖူးထူးခြားလှသည့် ရှမ်းနှစ်သစ်ကူးပွဲတော်မျိုးကို ရှမ်းပြည်နယ်၌ ကျင်းပနိုင်ခြင်းသည်ပြောင်းလဲလာသည့် ခေတ်သစ်စနစ်သစ်ကြောင့်ဟု ဆိုချင်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

# တောင်ယမားဆည်ရေသောက်အတွင်းရှိ မိုးစပါးစိုက်ဧက ၁၀၀၀ ကျော် ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ပုလဲ နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၏ အနောက်တောင်ဘက်(၁၃)မိုင်ခန့်အကွာ တောင်ယမားချောင်းပေါ်တွင် အလျားပေ ၅၆၇၀၊ အမြင့် ပေ ၉၀ ရှိပြီး ရေလှောင်ပမာဏ ၁၇၀၄၀ ဧကပေ သိုလှောင်နိုင်သည့် တောင်ယမားမြေသား ရေလှောင်တမံမှရေရရှိမှုဖြင့် ကျေးရွာ ၁၆ ရွာ၏ မိုးစပါးစိုက်ဧက ၁၁၃၈ ဧက ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်က "ကျွန်တော်တို့ ပုလဲမြို့နယ်ဟာ မိုးနည်းရေရှားဒေသဖြစ်ပြီး နှစ်စဉ် မိုးရေချိန် ပျမ်းမျှအားဖြင့် ၂၈ လက်မခန့် ရွာသွန်းတဲ့အတွက် စိုက်ပျိုးရေလုံလောက်စွာမရရှိသောကြောင့် နိုင်ငံတော်အစိုးရက အလျားပေ ၅၆၇၀၊ အမြင့်ပေ ၉၀ ရှိပြီး ရေလှောင်ပမာဏ ၁၇၀၄၀ ဧကပေ သိုလှောင်နိုင်သည့် တောင်ယမားမြေသား ရေလှောင်တမံကို ငွေကျပ်သန်း ၅၀၂ သန်း အကုန်ကျခံပြီး တောင်သူတွေရဲ့စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်မှုမှသည် လူမှုစီးပွားဘ၀တိုးတက်မြင့်မားလာစေရေးအတွက် ၁၉၉၈-၁၉၉၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးခဲ့ပါတယ်။ ယခင်က မိုးစပါးစိုက်ဧက

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❋

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၇ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၈ | ဒီဂရီစင်တီဂရိတ် |




ကြေးမုံစာတည်းရှုထောင့် ၂၃-၁၁-၂၀၁၄၊ တနင်္ဂနွေနေ့

# ပြည်သူတို့၏လူမှုဘဝမြင့်မားတိုးတက်မည်

ဒီမိုကရေစီအစိုးရသစ်သက်တမ်းကာလအတွင်း ပြည်သူတို့၏ စားဝတ်နေရေး၊ အခြေခံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ်ဆောင်ရွက်ပေးနေသဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာသည်မှာ အမှန်ဖြစ်သည်။

ပြည်သူတို့၏ နေထိုင်မှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အိုးမဲ့အိမ်မဲ့များ နေရာချထားပေးနိုင်ရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ဖက်ကလည်း ဥပဒေမဲ့ကျူးကျော်နေထိုင်မှုများကို ထိန်းသိမ်းဆောင်ရွက် ဖြေရှင်းပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတကလည်း ယမန်နေ့က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် "ဆင်းရဲသည့်ပြည်သူများအတွက် နေထိုင်စရာတစ်ခုတည်း စဉ်းစားစီစဉ်ရုံဖြင့် မပြည့်စုံနိုင်ဘဲ အလုပ်အကိုင် အခွင့်အလမ်းများကိုပါ တွဲဖက်စဉ်းစားစီမံပေးရမည်ဖြစ်ကြောင်း" ပြောကြားထားသည်။

ထိုသို့ဆောင်ရွက်ရာတွင် "ဒေသခံပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို ဌာနဆိုင်ရာဝန်ထမ်းများသာမက ထိုမြို့တွင် အမြဲအခြေချနေထိုင်လျက်ရှိသည့် မြို့မိမြို့ဖ၊ မြို့သူမြို့သားများနှင့် ညှိနှိုင်းတိုင်ပင်၍ စီမံကိန်းများကို ရေးဆွဲကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတက တိုက်တွန်းထားသည်။

မက်ကင်ဆေးသုတေသနအဖွဲ့၏ လေ့လာသုံးသပ်ချက်တွင် "မြန်မာနိုင်ငံတွင် လူဦးရေ နှစ်သိန်းအထက်ရှိသည့် မြို့ကြီးများ၌ နေထိုင်သူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာနိုင်သည်ကို တွက်ချက်ထားသည်။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ၁၄၆ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်သည်။

'ပထမအဆင့်အနေဖြင့် ခေတ်မီစီမံကိန်း ရေးဆွဲရေးစနစ်တစ်ရပ်နှင့်အတူ မြို့ပြတိုးချဲ့မှုအတွက် ကြိုတင်လျာထားရန်လိုအပ်သည်။ ဒုတိယအဆင့်အနေဖြင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ တတိယအဆင့်အနေဖြင့် ထိုမြို့ပြကြီးများ၏ အုပ်ချုပ်ရေးကောင်းမွန်စေရန် စဉ်းစားရန်လိုအပ်သည်' ဟု အကြံပြုဖော်ပြထားသည်။

နိုင်ငံတော်အနေဖြင့်လည်း သစ်တောမြေများတွင် ကျူးကျော်နေထိုင်သူများ၊ မြို့ပြနှင့်ကျေးရွာများတွင် ကျူးကျော်နေထိုင်သူများအား စနစ်တကျနေရာချထားပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ သစ်တောမြေတွင် ကျူးကျော်နေထိုင်သည့် ကျေးရွာ ၁၂၁၃ ရွာကို သစ်တောမြေကို စွန့်လွှတ်ကာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုနေရာချထားပေးခဲ့သည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားလိုအပ်ချက်များကိုလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ထို့အပြင် ဝန်ထမ်းများအတွက် အိမ်ရာစီမံကိန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သားသမီးများအတွက် အဆင့်မြင့်ပညာသင်ထောက်ပံ့ကြေးပေးနိုင်အောင် အာမခံစနစ်၊ အရစ်ကျစနစ်၊ ချေးငွေစနစ်များဖြင့် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။ ထိုမျှသာမက ဆင်းရဲနွမ်းပါးသူများ၊ မသန်စွမ်းသူများ၊ ပင်စင်စားများ၊ တိုက်ပွဲကျစစ်သည်များ၏ မိသားစုများ၊ ဝင်ငွေနည်းသည့် သာမန်ပြည်သူများအတွက် သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အရစ်ကျစနစ်၊ ချေးငွေစနစ်အပြင် ပုံမှန်ဝင်ငွေမရှိသဖြင့် ဝယ်ယူရန်အခက်အခဲရှိသူများအတွက်လည်း ပြည်သူ့အငှားအိမ်ရာများ အကောင်အထည်ဖော်ကြရန် နိုင်ငံတော်သမ္မတက ချို့တဲ့သော ပြည်သူများအတွက် စေတနာရှေ့ထားကာ အကြံပြုထားသည်။

အဆိုပါအစီအစဉ်များကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက ကျွမ်းကျင်သူပညာရှင်များနှင့် လက်တွေ့ကျကျပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအလိုက်အသေးစိတ်ဖြစ်နိုင်ခြေလေ့လာမှုများကို အနည်းဆုံးတစ်နှစ်၊ နှစ်နှစ်အချိန်ယူလေ့လာတွက်ချက်ဆောင်ရွက်သွားမည်ဆိုပါက ပြည်သူများရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကောင်းများချနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ရခိုင်ပြည်နယ်ရှိ ကျန်းမာရေးလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလွှမ်းခြုံနိုင်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းကုသပေးကြရန်နှင့် ကျန်းမာရေးပညာပေးခြင်း၊ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဆေးရုံတိုးချဲ့နှစ်ထပ်လူနာဆောင်သစ်နှင့် ခြေတံရှည်တိုးချဲ့လူနာဆောင်သစ်နှစ်ဆောင် ဆောက်လုပ်နေမှု၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ မျက်စိရောဂါစမ်းသပ်ခန်း၊ လူနာဆောင်များနှင့် ခွဲစိတ်ခန်းများ၊ သားဖွားခန်းတို့ကို စစ်ဆေးကာ ငပလီမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ်ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၆ ရက်တွင် သံတွဲမြို့နယ် ရွှေလေ့တိုက်နယ်ဆေးရုံသို့သွားရောက်ပြီး ဆေးပစ္စည်း သိုလှောင်ခန်း၊ လူနာခန်း၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် တောင်ကုတ်မြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ဆောက်လုပ်မည့် မြေနေရာကိုကြည့်ရှုကာ ဆေးရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကုတ်မြို့နယ် အရှေ့ဘက် ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံသစ်နှင့်ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှု၊ ငမောက်ချောင်းတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးမှာကြားပြီး ငမောက်ချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ကြည့်ရှုသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် သံတွဲမြို့နယ် ဇလွန်ကျေးလက်ကျန်းမာရေးဌာန၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်နှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ၎င်းဆေးရုံကြီးသည် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် မိခင်နှင့်ကလေးသေနှုန်းလျှော့ကျအောင် ဆောင်ရွက်နေသော ဆေးရုံဖြစ်ကြောင်း၊ ပြည်သူများ ပိုမိုအားကိုးအားထားသောဆေးရုံကြီးဖြစ်လာရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ဆေးရုံ၏ အရည်အသွေး ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းကြရန်မှာကြားကာ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ ပါမောက္ခချုပ်၊ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံ၍ ဆေးရုံအဆောက်အအုံအသစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# သံအမတ်ကြီး ဦးကျော်စွာမင်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**


ဆွီဒင်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် စတော့ဟုမ်းမြို့၌ ဆွီဒင်နိုင်ငံ သောဠသမမြောက်ဘုရင် ကားလ် ဂပ်စ် တပ်ဖ် ထံပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

**(သတင်းစဉ်)**









## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူများ၏ဆန္ဒအရ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ချီးမြှောက်လာပြီဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားဘာသာနှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများလည်း ထုတ်ဝေနေကြပြီဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ဒို့တာဝန်အရေးသုံးပါးကို မဆန့်ကျင်၊ မထိခိုက်၊ မနစ်နာဘူးဆိုလျှင် လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးထားပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သူတွေက မည်သို့ဆိုနေကြပါစေ၊ တစ်ခါမှမရခဲ့ဖူးသည့် အိပ်မက်တောင်မမက်ခဲ့ဖူးသည့် အခွင့်အရေးမျိုးရနေပြီဖြစ်သည့်အတွက် အချိန်ရှိခိုက်လုံ့လစိုက်ပြီး လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်း။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုထဲတွင် နယ်မြေဧရိယာ အကျယ်ဆုံးဖြစ်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုထဲတွင် မြို့နယ် ၅၅ မြို့နယ်ပါဝင်၍ မြို့နယ်အများဆုံးပါဝင်မှု၊ ပြည်နယ်အတွင်း တိုင်းရင်းသားအစုံဆုံး၊ တိုင်းရင်းသားဆိုင်ရာပြဿနာအများဆုံးဖြစ်မှု၊ တစ်နိုင်ငံလုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ခြောက်ခုရှိသည့်အနက် ပြည်နယ်အတွင်း ငါးခုပါဝင်မှု၊ တိုင်းရင်းသားရေးရာဝန်ကြီးအများဆုံးရှိမှု၊ ပြည်နယ်အတွင်း စစ်တိုင်းလေးတိုင်းအထိရှိမှု၊ ကမ္ဘာကျော်ရွှေတြိဂံဒေသပါဝင်မှု၊ မြန်မာနိုင်ငံ၏ သမိုင်းဝင်လွတ်လပ်ရေးအတွက် တိုင်းရင်းသားများနှင့် စတင်ဆွေးနွေးသန္နိဋ္ဌာန်ချခဲ့ရာ ပင်လုံဒေသပါဝင်မှု၊ ကမ္ဘာကျော်အင်းလေးကန်ရှိမှု စသဖြင့် ထူးခြားချက်များစွာရှိပါကြောင်း။

ထိုသို့ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့်မတူဘဲ တစ်မူထူးခြားသည့် ဝိသေသများပါဝင်နေသည်ကို ပြဿနာကြီးတစ်ခုဟု မမှတ်ယူဘဲ အခွင့်အရေးတစ်ရပ်ဟု ယူဆပြီး ထိရောက်မှန်ကန်သည့် စီမံခန့်ခွဲမှုပြုလုပ်နိုင်လျှင် အဖွံ့ဖြိုးဆုံးပြည်နယ်အဖြစ် ပေါ်ပေါက်လာနိုင်ပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်စီကိုယ်ငကြိုးပမ်းလုပ်ဆောင်မှ မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ထူးခြားသည့် ဝိသေသလက္ခဏာများပါဝင်သည့် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နှစ်ရှည်လများအတူယှဉ်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် သမိုင်းတွင်ရစ်စေမည့် ယနေ့ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးကို သက်သေပြုပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ သဟဇာတမျှတစွာဖြင့် နေထိုင်သွားနိုင်စေရန် စွမ်းဆောင်ကြိုးပမ်းကြရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရှမ်းနှစ် ၂၁၀၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့၌ ကျရောက်သော ရှမ်းနှစ်သစ်ကူးပွဲတော်သို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်ကဖတ်ကြားပြီး ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သော သဝဏ်လွှာကို မှတ်တမ်းတင်သည်။

ဆက်လက်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းမြတ်က ကျေးဇူးတင်စကားပြောကြားပြီး ရှမ်းနှစ်ကူးမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးနှင့်အဖွဲ့သည် နှစ်သစ်ကူးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ သီးနှံမျိုးစေ့ပြခန်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုပြခန်း၊ ရှမ်းအမျိုးသားသမိုင်းနှင့် ယဉ်ကျေးမှုပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးနှင့်အဖွဲ့သည် မြို့လယ်ဓမ္မာရုံ၌ တောင်ကြီးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဆရာတော်ထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးနှင့်အဖွဲ့သည် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် နှစ်သစ်ကူးမင်္ဂလာ သံဃာ့ဒါနဆွမ်းအလှူတော်နှင့် တရားတော်နာရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး သက်န်းနှင့်လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒေါက်တာပညာနန္ဒက နှစ်သစ်ကူးဆုမွန်တောင်းပြီး ဒေါက်တာဘဒ္ဒန္တဓမ္မသာမိက ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးနှင့်အဖွဲ့သည် အဝေရာမီးပုံးပျံကွင်း(ရိုးရာစင်မြင့်)၌ ကျင်းပသည့် ကိန္နရီ၊ ကိန္နရာနှင့် တိုးနယားအကပြိုင်ပွဲအား တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မွန်နှင့် ကရင်ပြည်နယ်တို့၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ပညာရေးကောလိပ်၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အချင်းပြည့် ဆရာ ဆရာမများကသာလျှင် အရည်အသွေးပြည့်ဝသော ပညာရေးကိုအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများဖြစ်အောင် အစဉ်တစိုက် လေ့လာကြိုးစားအားထုတ်နေကြရမည်ဖြစ်သကဲ့သို့ ဆရာလောင်း၊ ဆရာမလောင်းများကိုလည်း အရည်အချင်းပြည့်ဝသော ဆရာကောင်း၊ ဆရာမကောင်းများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးနေကြရမည်ဖြစ်ကြောင်း၊ ယနေ့ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ရာ အမျိုးသားပညာရေးဥပဒေတွင် ပါဝင်သည့် အမျိုးသားပညာရေးရည်မှန်းချက်များ၊ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများနှင့် အမျိုးသားပညာရေးစနစ်တို့ကို လေ့လာထားကြရန်မှာကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဘားအံမြို့ရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ဆရာ ဆရာမတို့၏ အရည်အချင်းပြည့်ဝရေး၊ အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘားအံတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ အမျိုးသားပညာရေးဥပဒေ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပညာရေးအစီအစဉ်များနှင့် တိုင်းရင်းသားဘာသာသင်ကြားရေးအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးသည် နိုဝင်ဘာ ၂၁ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၁၁-၂၀၁၄ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "ဘာတွေပြင်ဆင်ပြီးပြီလဲ" တရားတော် [ဒုတိယပါမောက္ခချုပ် ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ (ကျိုက္ကလော့)] |
| ၈း၀၀ | Kid's Show |
| ၈း၂၀ | ကလေးတို့ကမ္ဘာ |
| ၁၀း၅၀ | Japanese Video Topic (Making Tokyo Life Easier) |
| ၁၁း၀၀ | Star တို့ရဲ့လက်ရာ |
| ၁၂း၂၀ | Healthy Life (California Skin. Spa) |
| ၁၂း၄၀ | ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏ "စကားအတတ် ပညာသင်တန်း" |
| ၂း၅၀ | မျှော်လင့်စောင့်စားအကယ်ဒမီရှင် ခုန်သံများ (အပိုင်း-၂) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၆၀) |
| ၄း၀၀ | SAMSUNG ပညာသင်ဆု ဉာဏ်စမ်းပြိုင်ပွဲကြီး |
| ၅း၁၀ | ဓလေ့ရိုးရာမမေ့သာ |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၆၁) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၂၉) |
| ၄း၂၅ | နှယဉ်ဆန်းထွင်သစ်သီးအလှဆင် (အရန်ဟင်းလျာ အလှဆင်နည်း) |



# ဖိလစ်ပိုင်သမ္မတ အကွီနိုအား အသရေဖျက်မှုကြောင့် ဟောင်ကောင်ဂျာနယ်လစ်ကိုးဦး ပြည်ဝင်ခွင့်ပိတ်ခံရ


ဖိလစ်ပိုင်သမ္မတ အကွီနိုအား ဂျာနယ်လစ်များက မေးမြန်းစဉ်။

**မနီလာ နိုဝင်ဘာ ၂၂**

ဖိလစ်ပိုင်အစိုးရက ဟောင်ကောင် တီဗီနှင့် ရေဒီယိုရုပ်သံလိုင်းများမှ ဂျာနယ်လစ်ကိုးဦးအား ယမန်နှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သော အာရှပစိဖိတ်စီးပွားရေး ကော်ပိုရေးရှင်း အစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတ အကွီနိုအား မေးခွန်းများ အဆက်မပြတ်မေးမြန်းကာ အသရေဖျက်မှုကြောင့် ဖိလစ်ပိုင် အစိုးရက ပြည်ဝင်ခွင့်ပိတ်ပင် လိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

ယင်းဂျာနယ်လစ်များသည် သမ္မတအား ဂါရဝတရားမထားရှိဘဲ ထင်ရာစိုင်းကာ ပြုမူခဲ့သောကြောင့်ထိုသို့ ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းခံရမှု အပေါ် အမျိုးသားစုံစမ်းထောက်လှမ်းရေး အေဂျင်စီက ထပ်ဆင့်ထောက်ခံခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူ အီလိန်းတန်က ဆိုသည်။

ထိုပြည်ဝင်ခွင့် ပိတ်ပင်ခြင်းခံရသော ပြည်ပဂျာနယ်လစ်များ၏ စာရင်းကို ယနေ့ထုတ်ပြန်ပြီးကြောင်း၊ ယင်းတို့မှာ နောင်းတီဗီမှ ခြောက်ဦး၊ စီးပွားရေးရေဒီယိုမှနှစ်ဦးနှင့် အာတီအိတ်ချ်ကေမှ တစ်ဦးတို့ဖြစ်ကြကြောင်း ၎င်းကဆိုသည်။

ယင်းဂျာနယ်လစ်များက သမ္မတ အကွီနိုအား ၂၀၁၀ခုနှစ်အတွင်း ဖိလစ်ပိုင်မြို့တော် မနီလာတွင် ဖြစ်ပွားခဲ့သော ဘတ်စ်ကားတစ်စင်းအား ပြန်ပေးဆွဲတိုက်ခိုက်ခဲ့မှုနှင့်စပ်လျဉ်းပြီး ခရီးသည်ရှစ်ယောက် သေဆုံးမှုအပေါ် ဟောင်ကောင်ခေါင်းဆောင်များနှင့် တွေ့ဆုံးဆွေးနွေးခဲ့ခြင်းရှိသလားဆိုသည့် မေးခွန်းများကို အဆက်မပြတ်မေးမြန်းခဲ့ကြောင်းသိရသည်။

အဆိုပါ ခရီးသည်ရှစ်ဦးသည် ကားပြန်ပေးဆွဲမှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

ယင်းဂျာနယ်လစ်များသည် ၎င်းတို့အားပြည်ဝင်ခွင့်ပိတ်ပင်ခြင်းအပေါ် စောဒက တက်နိုင်ခွင့်ရှိသည်။ သို့သော် ၎င်းတို့အားပိတ်ပင်ထားသည်ကိုမူ အကြောင်းကြားခြင်းမရှိသေးပေ။ ထုတ်ပြန်ကြေညာချက်တွင် ဂျာနယ်လစ်များ၏နာမည်နှင့် ၎င်းတို့၏ အလုပ်ရှင်နာမည်များကို ထည့်သွင်းရေးသားခြင်းမရှိကြောင်း သိရသည်။

**ရိုက်တာ။**




# နီကာရာဂွါတူးမြောင်း ဖောက်လုပ်မှု ယခုနှစ် ဒီဇင်ဘာလအတွင်း စတင်မည်

**မာနာဂွါ နိုဝင်ဘာ ၂၂**

အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့အား ဆက်သွယ်မည့် တူးမြောင်းသစ် ဖောက်လုပ်မှုကို လာမည့်ဒီဇင်ဘာ ၂၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း နီကာရာဂွါနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါတူးမြောင်းအား အမေရိကန်ဒေါ်လာ ဘီလျံ ၅၀ (ပေါင် ၃၁ ဘီလျံ) အကုန်ကျခံ ဖောက်လုပ်မည်ဖြစ်သည်။

ယင်းတူးမြောင်းအား ဟောင်ကောင်အခြေစိုက် အိတ်ချ်ကေအန်ဒီ ကုမ္ပဏီက တည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းကုမ္ပဏီအနေဖြင့် လုပ်ငန်း စတင်ရန် အသင့်ဖြစ်ပြီဟု ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တူးမြောင်းဖောက်လုပ်ပြီးစီးပါက အလျား ၂၇၈ ကီလိုမီတာ (၁၇၂မိုင်) ခန့်ရှိမည့် ရေကြောင်းလမ်းသစ် ဖြစ်ပေါ်လာမည်ဖြစ်ပြီး ၎င်းမှာ လက်ရှိ ပနားမားတူးမြောင်းထက် အလျားမိုင်ပိုရှည်ကာ တူးမြောင်းရေအနက်လည်း ပိုပြီး တူးမြောင်းလည်း ပိုမိုကျယ်ပြန့်မည်ဖြစ်သည်။

အဆိုပါတူးမြောင်းကို ငါးနှစ်အတွင်း အပြီးဖောက်လုပ်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင်စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တူးမြောင်းဖောက်လုပ်ရေးစီမံကိန်းတွင် ဆိပ်ကမ်းနှစ်ခု၊ လေဆိပ်တစ်ခု၊ အပန်းဖြေစခန်းတစ်ခုနှင့် လျှပ်စစ်ဓာတ်အားနှင့် အခြားကုမ္ပဏီများအတွက် စီးပွားရေးဇုန်တစ်ခုလည်း ပါဝင်မည်ဖြစ်သည်။

**ဘီဘီစီ။**

# လန်ဒန်ရှိ ဟိုတယ်တစ်လုံးတွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

# လူ ၁၄ ဦး ဆေးရုံတင်ပို့ရ

**လန်ဒန် နိုဝင်ဘာ ၂၂**

လန်ဒန်မြို့တော်ရှိ Churchill Hyatt Regency ဟိုတယ်တွင် နိုဝင်ဘာ ၂၁ ရက်နေ့နှောင်းပိုင်းက ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ၁၄ ဦးထက်မနည်း ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းက ပြောကြားလိုက်သည်။

အဆိုပါ ပေါက်ကွဲမှုက မြေအောက်ခန်းနှင့် မြေညီထပ်ကို ကြီးမားစွာ ထိခိုက်မှု ဖြစ်ပေါ်စေသောကြောင့် ဟိုတယ်မှ လူပေါင်းငါးရာနီးပါးကို ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့က ဆိုသည်။ ဒဏ်ရာရရှိသူ ဟိုတယ်ဝန်ထမ်း စုစုပေါင်း ၁၂ ယောက်အား ကုသပေးလျက်ရှိနေပြီး ဧည့်သည်များထဲမှ ဒဏ်ရာရရှိသူ မရှိကြောင်း ဟိုတယ်မှပြောခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဧည့်သည်များကို အနီးအနားရှိ ဟိုတယ်များသို့ ရွှေ့ပြောင်းခဲ့ပြီး အဆောက်အအုံပျက်စီးမှုကို တန်ဖိုးဖြတ်လျက်ရှိကြောင်း သူမက ဆက်လက်ပြောကြားသည်။

**ရိုက်တာ။**



# ကင်ညာနိုင်ငံမြောက်ပိုင်း ဆိုမာလီနယ်စပ်အနီး၌ ဘတ်စ်ကားတစ်စီး တိုက်ခိုက်ခံရ၍ ၂၈ ဦးသေဆုံး

**နိုင်ရိုဘီ နိုဝင်ဘာ ၂၂**

ဆိုမာလီနိုင်ငံနှင့် နယ်စပ်အနီးရှိ ကင်ညာနိုင်ငံမြောက်ပိုင်းဒေသတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများဟု သံသယမကင်းသူများက ဘတ်စ်ကား တစ်စီးအား တိုက်ခိုက်ခဲ့ရာ လူ ၂၈ ဦးထက်မနည်း သေဆုံးကြောင်း ကင်ညာတာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။



ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီသို့ ထွက်ခွာလာသည့် အဆိုပါဘတ်စ်ကားသည် ဆိုမာလီနယ်စပ်အနီးရှိ မင်ဒရာခရိုင်တွင် ရပ်နားထားစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဆိုမာလီအခြေစိုက် အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့သည် ကင်ညာနိုင်ငံတွင်း၌ တိုက်ခိုက်မှုများမြင့်တက်လာခဲ့သည်မှာ ၂၀၁၁ ခုနှစ်ကတည်းက ဖြစ်သည်။

ဆိုမာလီနိုင်ငံတွင်းရှိ အယ်လ်ရှာဘတ် စစ်သွေးကြွများအား ကူညီတိုက်ခိုက်ရန် ယခုနှစ်အတွင်း၌ ကင်ညာနိုင်ငံက ၎င်း၏တပ်ဖွဲ့များကို စေလွှတ်ခဲ့သည်။

ကင်ညာနိုင်ငံ အရှေ့မြောက်ဘက် နယ်စွန်နယ်ဖျားတွင် တည်ရှိသော မင်ဒရာခရိုင်သည် အယ်လ်ရှာဘတ် စစ်သွေးကြွများ တိုက်ခိုက်မှုခံနေရသည့်ဒေသများအနက် တစ်ခုဖြစ်သည်။

ဘတ်စ်ကားအား တိုက်ခိုက်မှုမှာ နိုဝင်ဘာ ၂၂ ရက် အစောပိုင်းက ဖြစ်ပွားခဲ့ကြောင်းနှင့် ယင်းဘတ်စ်ကားတွင် ခရီးသည် ၆၀ တင်ဆောင်လာကြောင်း ကင်ညာပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဘီဘီစီ။**

# အီဘိုလာကူးစက်မြန်ရောဂါပိုးပါရှိသော သွေးနမူနာအား ဝံပုလွေများလုယက်

**ကိုနာကရီ နိုဝင်ဘာ ၂၂**

ဂီနီနိုင်ငံတွင် အီဘိုလာကူးစက်မြန်ရောဂါပိုးပါရှိသော သွေးနမူနာများကို စမ်းသပ်စစ်ဆေးရန် ရောဂါရှာဖွေရေးစင်တာသို့ ပို့ဆောင်စဉ် လက်နက်ကိုင်ဆောင်ထားသောဝံပုလွေများက လုယက်မှုတစ်ခု ယနေ့ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကန်ကန်စီရင်စုနယ်မြေမှ ဂူကီဒူတောင်ပိုင်း ၁၆၅မိုင်ကွာဝေးသော ရောဂါစမ်းသပ်နယ်မြေသို့ ဗိုင်းရက်စ်ပိုးပါရှိသော သွေးနမူနာသယ်ဆောင်လာသော ကြက်ခြေနီအရာရှိလေးဦး စောင့်ကြပ်ထားသည့် မီနီဘတ်စ်တစ်စင်းအား ကစ်ဆီဒိုဂိုမြို့အနီးတွင် ဝံပုလွေများကဝန်းရံကာ လုယက်ခဲ့သည်။

ဝံပုလွေများက ယင်းသွေးနမူနာများကို အဘယ်ကြောင့်ခိုးယူသွားသလဲ ဆိုသည်ကိုမူ မသိရှိသေးသော်လည်း၊ သွေးထည့်ထားသော ဗူးထဲတွင် ဒေါ်လာအမြောက်အများပါသည်ဟု အမှတ်လွဲကာ ခိုးယူသွားခြင်းဖြစ်နိုင်ကြောင်း မှန်းဆရသည်။

ဂီနီအာဏာပိုင်များက ခိုးယူသွားသော ဗိုင်းရက်စ်ပိုးပါ သွေးနမူနာများကို ပြန်လည်ပေးအပ်ရန် နိုင်ငံပိုင်ရေဒီယိုမှ အနူးအညွတ်မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ဒေးလီးမေးလ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် VOA မြန်မာသတင်းဌာနမှ ဌာနမှူးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ VOA မြန်မာသတင်းဌာနမှ ဌာနမှူး ဦးသန်းလွင်ထွန်းအား လက်ခံတွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းမှုအပေါ် ပြန်လည်ဖြေဆိုပြောကြားခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် တပ်မတော်၏သဘောထားနှင့်ပတ်သက်၍ ဖြေကြားရာတွင် လက်ရှိဒီမိုကရေစီနိုင်ငံတော်တည်ရှိမှု၏ အသက်ပင်ဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြီးပါကြောင်း၊ ခိုင်ခိုင်မာမာရှိနေရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့၏ တောင်းဆိုမှုကြောင့် ထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုအချိန်က မဲပေးခွင့်ရှိသူပြည်သူတို့၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရမည်ဟု ပါရှိသဖြင့် တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ခံယူပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဖြေကြားရာတွင် ကိုလိုနီဖြစ်ခဲ့ရသည့်သမိုင်း၊ တိုင်းရင်းသားပြည်သူတို့၏ အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတို့ကြောင့် နိုင်ငံတော်၏ တည်ရှိမှုခိုင်မာနေရန် ဥပဒေသည်လည်း ခိုင်ခိုင်မာမာရှိနေရန်လိုကြောင်း၊ အမြဲပြီးပြည့်စုံသည့် ဥပဒေမရှိသည်မှာမှန်သော်လည်း ခေါင်းဆောင်များ၏ ဘက်ပေါင်းစုံကတွက်ဆမှုများဖြင့် ခိုင်ခိုင်မာမာရေးဆွဲထားသည့် ဥပဒေဖြစ်ကြောင်း။

NLD ပါတီမှ လွှတ်တော်တွင် တင်ပြသည့် ပုဒ်မ-၄၃၆ ပြင်ဆင်ရန် လူထုဆန္ဒမဲငါးသန်းနှင့်ပတ်သက်၍ ဖြေကြားရာတွင် ယင်းဆန္ဒမဲများကောက်ယူခဲ့မှု ခိုင်မာမှုများကို မိမိမပြောနိုင်ပါကြောင်း၊ လက်ရှိနိုင်ငံလူဦးရေ ၅၁ သန်းရှိ၍ ငါးသန်းမှာ ၁၀ ပုံတစ်ပုံခန့်ရှိ၍ အလေးထားရမည်ဖြစ်သော်လည်း ကျန် ၄၆ သန်းသော လူထုထဲမှ မဲပေးနိုင်သူများ၏ ဆန္ဒကိုလည်း ကြည့်ရန်လိုပါကြောင်း၊ ပုဒ်မ ၅၉(စ)နှင့် ပတ်သက်၍ လူ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ တိုင်းရင်းသားလူမျိုးတစ်မျိုးအပေါ် ရည်ရွယ်ခြင်းမရှိကြောင်း၊ နိုင်ငံ့သမိုင်းကြောင်း ပထဝီဝင်တည်ရှိမှု အနေအထားများအရ တစ်နိုင်ငံလုံး၏ အမျိုးသားရေးကို ထည့်သွင်းစဉ်းစားပြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရှေးလူကြီးများက ရေရှည်အတွက် ဆောင်ရွက်ခြင်းဖြစ်ရာ အရေးကြီးသည့်ကဏ္ဍအနေဖြင့် မိမိတို့က ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ဖြေကြားရာတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက တိုင်းရင်းသားလက်နက်ကိုင်ကိစ္စရပ်များပေါ်ပေါက်ခဲ့ပြီး ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်ပါကြောင်း၊ တပ်မတော်သားများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ အပြစ်မဲ့သည့် ပြည်သူများစွာလည်း သေကျေခဲ့ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို လူတိုင်းလိုလားကြကြောင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုကို မလိုလားဆုံးမှာ တပ်မတော်သားများဖြစ်ကြောင်း၊ တပ်၏အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးဖြစ်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်ကိစ္စရပ်များအတွက် အင်အားများစွာကုန်ခန်းနေရသဖြင့် ငြိမ်းချမ်းရေးလိုချင်မှုမှာ တပ်မတော်၏ အပြင်းပြဆုံးဆန္ဒပင်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် လက်နက်ကိုင်ပြီး လိုအပ်ချက်တောင်းဆိုမှု အခွင့်အာဏာရယူလိုမှုများမဖြစ်သင့်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံမှုနှင့်ပတ်သက်၍ဖြေကြားရာတွင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မူဝါဒသဘောထား ၆ ချက်အပေါ် အလေးထားဆောင်ရွက်မှု၊ အပြုသဘောဆောင်ရွက်မှုများအပေါ် မူတည်ဆောင်ရွက်နေပါကြောင်း။

လတ်တလောဖြစ်ပွားနေသည့် ကချင်ပြည်နယ်အတွင်း ပစ်ခတ်မှုများနှင့်ပတ်သက်၍ဖြေကြားရာတွင် သမ္မတကြီးညွှန်ကြားချက်အတိုင်း မိမိတို့အနေဖြင့် စစ်ဆင်ခြင်း၊ စခန်းတိုက်ခြင်းများမပြုလုပ်ပါကြောင်း၊ မိမိကိုယ်ကိုယ်ခုခံကာကွယ်ခွင့်အတွက်သာ ဆောင်ရွက်ကြောင်း၊ ခုခံကာကွယ်ခွင့်ဆိုရာတွင် အဆင့်ဆင့်ရှိပါကြောင်း၊ တိုက်ပွဲများမဖြစ်ပွားအောင် တားဆီးလုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ နိုဝင်ဘာ ၁၉ ရက်နေ့ ပစ်ခတ်မှုမှာလည်း ရှေ့ကဖြစ်စဉ်များစွာရှိသည့်အတွက် သတိပေးပစ်ခတ်မှုသာဖြစ်ကြောင်း။

MPC ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေကြားရာတွင် တပ်မတော်အနေဖြင့် MPC ၏ ငြိမ်းချမ်းရေးလုပ်ငန်းများအောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွေ့ဆုံပွဲများတွင်လည်း တာဝန်ရှိသည့်အရာရှိကြီးများ ပါဝင်ဆောင်ရွက်နေပါကြောင်း၊ MPC ၏ ငြိမ်းချမ်းရေးကိစ္စရပ်များ အောင်မြင်စေလိုပါကြောင်း။

တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ဖြေကြားရာတွင် သတင်းထုတ်ပြန်မှုကြောင့် ပဋိပက္ခများပိုမိုမကြီးထွားစေလိုသဖြင့် ထိန်းသိမ်းဆောင်ရွက်ပါကြောင်း၊ အချို့သတင်းဌာနများအနေဖြင့် လိုချင်သည့်ရှုထောင့်မှ ရေးသားဖော်ပြခြင်း၊ ပုံကြီးချဲ့ခြင်းတို့ကြောင့် ပဋိပက္ခပိုမိုကြီးထွားစေနိုင်ကြောင်း၊ ပြောကြားနိုင်သည့် သတင်းများအား ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း။

ဖက်ဒရယ် တပ်မတော်သဘောထားအမြင်ကွဲလွဲမှုနှင့်ပတ်သက်၍ ဖြေကြားရာတွင် ဖက်ဒရယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိပါကြောင်း၊ UNFC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးသားထားသည့် ဖက်ဒရယ်တပ်မတော်သည် မိမိတို့နှင့်မတူဘဲ ကွဲပြားမှုများရှိကြောင်း၊ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင် ယူနီယံ၊ ဖက်ဒရယ်အသုံးအနှုန်းများသည် ရှုပ်ထွေးသဖြင့် ပြည်ထောင်စုလို့ပြောတာကောင်းသည်ဟုဆိုခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အမျိုးသားတပ်မတော် တစ်ခုတည်းသာရှိပါကြောင်း၊ မိမိတို့တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ ယခင်က တိုင်းရင်းသားသေနတ်ကိုင်တပ်ရင်းများရှိခဲ့သော်လည်း အခက်အခဲများစွာ တွေ့ကြုံရ၍ ပြောင်းလဲဖွဲ့စည်းခဲ့ရပါကြောင်း၊ တပ်မတော်သည် ကွဲပြားနေ၍မရဘဲ စုစည်းညီညွတ်ရန်လိုအပ်ပါကြောင်း။

လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေကြားရာတွင် တပ်မတော်သားများသည် စစ်စည်းကမ်းသာမက နယ်ဘက်ဥပဒေများကိုပါ လိုက်နာရကြောင်း၊ တပ်မတော်သားများ စည်းကမ်းဖောက်ဖျက်ပါက ပို၍ပြစ်ဒဏ်ကြီးစွာကျခံရကြောင်း၊ တပ်ပိုင်းဆိုင်ရာ စစ်စည်းကမ်းအရ အရေးယူပြီးပါက နယ်ဘက်သို့လွှဲအပ်ပြီး ဥပဒေအရ ထပ်မံအရေးယူရသည်များရှိကြောင်း၊ လူသတ်မှု၊ အဓမ္မပြုကျင့်မှုများနှင့်ပတ်သက်၍ ပြင်းထန်စွာအရေးယူကြောင်း၊ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် သေဒဏ်အထိပေးသည်များရှိကြောင်း၊ ပြည်သူလူထုအား အနိုင်ကျင့်စော်ကားမှုများကို လက်မခံပါကြောင်း၊ တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ကလေးစစ်သားကိစ္စရပ်များတွင်လည်း ထိရောက်စွာ အရေးယူဆောင်ရွက်နေပါကြောင်း၊ တပ်မတော်သားနှင့်ပတ်သက်သည့် တိုင်တန်းမှုများကို ချက်ချင်းစစ်ဆေး၍ မှန်ကန်မှုရှိပါက ချက်ချင်းအရေးယူဆောင်ရွက်ပါကြောင်း၊ တိုင်ကြားသူများ နစ်နာမှုမရှိစေရန် ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ဆောင်ပါကြောင်း၊ ပါကြီး(ခေါ်) အောင်နိုင်ကိစ္စနှင့်ပတ်သက်ပြီး အဖြစ်အမှန်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

လယ်မြေသိမ်းဆည်းမှုများနှင့်ပတ်သက်၍ ပြောကြားရာတွင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်က ရှုပ်ထွေးခဲ့သည့် ကိစ္စရပ်များဖြစ်ကြောင်း၊ စတင်သိမ်းဆည်းစဉ်က လယ်ယာမြေ၊ တောင်သူများကိုယ်တိုင် ဖော်ထုတ်ထားသည့် လယ်ယာမြေများကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ လယ်ယာမြေကိစ္စများကို မိမိတို့တပ်မတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသည်များရှိသကဲ့သို့ အစိုးရဘက်မှ အကြောင်းကြားမှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးပါကြောင်း။

တပ်မတော်နှင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဖြေကြားရာတွင် နိုင်ငံတကာနှင့်မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသည့် မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအတိုင်း တပ်မတော်သည်လည်း နိုင်ငံတကာတပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံနေပါကြောင်း၊ ယခင်က အကန့်အသတ်နှင့်ဆက်ဆံရာမှ ယခုပိုမိုပွင့်လင်းစွာဆက်ဆံလျက် ရှိကြောင်း၊ မိတ်ဆွေသစ်များ တိုးပွားစေရေးအားလုံး မိတ်ဆွေဖြစ်ရေး ဆက်ဆံဆောင်ရွက်နေပါကြောင်း၊ မိမိ နိုင်ငံအားအခြေပြုပြီး အခြားနိုင်ငံများကို နှောင့်ယှက်မှုများအား လက်မခံသကဲ့သို့ မိမိနိုင်ငံအား နှောင့်ယှက်မှုကိုလည်း လက်မခံကြောင်း။

အမေရိကန်နိုင်ငံနှင့်လည်း မိတ်ဆွေဖြစ်ရန်ကြိုးစားနေပါကြောင်း၊ အမေရိကန်တပ်မတော်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်သကဲ့သို့ မိမိတပ်မတော်မှလည်း စေလွှတ်ပေးပါကြောင်း၊ အပြန်အလှန်သွားလာမှုတွင် ကန့်သတ်ချက် အချို့တော့ရှိနေပါကြောင်း၊ မိမိနိုင်ငံ၏ အမှားမခံနိုင်သည့်သမိုင်းကြောင်းအရ၊ ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပါကြောင်း၊ အိမ်နီးချင်းနိုင်ငံအားလုံးနှင့် ဆက်ဆံရေးကောင်းမွန်ကြောင်းဖြင့် ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**









# ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

ဝေယံ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော ကဏ္ဍတစ်ရပ်က ပါဝင်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရေတိုရေရှည် စီမံကိန်းများဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နှစ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ တိုးတက်လာသော ဓာတ်အားသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဓာတ်အားမရောက်ရှိသေးသော ဒေသများတွင် ဓာတ်အားရရှိရေးအတွက် မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေးစက်ရုံကြီးများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။ ယင်းကဲ့သို့ တိုးချဲ့တည်ဆောက်မှုများဆောင်ရွက်လျက်ရှိရာတွင် ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ရရှိအောင် ဆောင်ရွက်နေမှုများကို ဖော်ပြလိုပါသည်။

ကယားပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် မတ်လအထိ မီးသုံးစွဲသူဦးရေ စုစုပေါင်း ၈၆၅၈ ဦးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ၂၂၈၇၆ ဦးအထိ တိုးတက်သုံးစွဲလာခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မတ်လအထိ မြို့ပေါင်း ရှစ်မြို့ရှိသည့်အနက် ငါးမြို့မှာ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီး ကျန်သုံးမြို့မှာ အခြားနည်းလမ်းများဖြင့် မီးလင်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်သုံးမြို့အနက်မှ ရွာသစ်မြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ရွာသစ်တွင် ၃၃/၁၁ ကေဗွီ ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းတွင် ရှားတောမြို့နှင့် မယ်စဲ့မြို့တို့မှာလည်း ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနိုင်တော့မည်ဖြစ်ပါသည်။



လွိုင်ကော်မြို့တွင် တည်ဆောက်ဆဲ ၁၃၂/၆၆ ကေဗွီ ဓာတ်အားခွဲရုံ။

ကယားပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် မတ်လအထိ ကျေးရွာပေါင်း ၅၁၁ ရွာရှိသည့်အနက် လျှပ်စစ်မီးရရှိပြီး ရွာပေါင်း ၇၀ ရှိခဲ့ပြီး ဓာတ်အားစနစ်မှ ၃၇ ရွာ၊ အခြားနည်းလမ်းများဖြင့် ၃၃ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၁၃ ဒသမ ၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိခဲ့ပါသည်။ လက်ရှိ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် လျှပ်စစ်မီးရရှိပြီး ရွာပေါင်း ၁၇၂ ရွာအထိ တိုးတက်လာပြီး ဓာတ်အားစနစ်မှ ရွာပေါင်း ၁၄၀၊ အခြားနည်းလမ်းများဖြင့် ၃၂ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်၍ လျှပ်စစ်မီး ရရှိခဲ့ပါသည်။

ကယားပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း လျှပ်စစ်မီး တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခဲ့ရာတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၆၇ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၉ ဒသမ ၂၃ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅၆ ဒသမ ၁၀၇ မိုင်တို့ကို တိုးတက်တည်ဆောက်ခဲ့ရာ ၉ ဒသမ ၅၂ ဘီလီယံ သုံးစွဲခဲ့ပါသည်။

ကယားပြည်နယ်အတွင်းရှိ ကျေးရွာမီးလင်းရေးများကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၄၇ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၉၅ ရွာတို့ကို ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲနိုင်ရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကယားပြည်နယ်တွင် ကျေးရွာ ၄၆ ရာခိုင်နှုန်းသည် ဓာတ်အားစနစ်မှ ဓာတ်အားရရှိ သုံးစွဲနိုင်မည်ဖြစ်ပါသည်။

မီးစက်များဖြင့် ဓာတ်အားပေးသော ကျေးရွာ ခုနှစ်ရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မီးစက်အသစ်လဲလှယ်ပေးခြင်း၊ ၄၀၀ ဗို့လိုင်းများ တည်ဆောက်ပေးခြင်းတို့အတွက် ကျပ်သန်းပေါင်း ၃၂၈ ဒသမ ၉၈ သန်း ကုန်ကျခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ကယားပြည်နယ်တစ်ခုလုံး ဖြန့်ကြက်ဓာတ်အားပေးနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် ၁၃၂/၆၆/၁၁ ကေဗွီ (၁၀၀+၅၀) အမ်ဗွီအေ ပင်မ ဓာတ်အားခွဲရုံကြီးအား တည်ဆောက်လျက်ရှိပါသည်။ ၎င်းဓာတ်အားခွဲရုံကြီးမှ တစ်ဆင့် ရှားတောသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၉ ဒသမ ၇၉ မိုင်၊ ဘောလခဲသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄၂ ဒသမ ၄၇ မိုင်၊ ဘောလခဲမှ ဖားဆောင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၈ မိုင် တည်ဆောက်သွားမည်ဖြစ်ပါသည်။

၆၆ ကေဗွီ ဓာတ်အားလိုင်း ရောက်ရှိလာမည့် ရှားတော၊ ဘောလခဲနှင့် ဖားဆောင်းမြို့များတွင် ၆၆/၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့် လွိုင်ကော်၊ ဒီမောဆိုး၊ ဘောလခဲ၊ ဖားဆောင်းမြို့များတွင်လည်း ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၁၁ ဒသမ ၃ မိုင် နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅၅၀ ဒသမ ၆၅ မိုင် တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဖော်ပြပါဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀ ဒသမ ၁၅၃ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂ ဒသမ ၄၇၃ ဘီလီယံတို့ ကုန်ကျခံသုံးစွဲသွားမည်ဖြစ်ပါသည်။

တည်ဆောက်ရေး လုပ်ငန်းများပြီးစီးပါက ကယားပြည်နယ်၏ ၆၈ ဒသမ ၅ ရာခိုင်နှုန်းသည် ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲနိုင်တော့မည် ဖြစ်ပါသည်။ ဓာတ်အားလိုင်းတည်ဆောက်ရန် ခက်ခဲသောနေရာများရှိ ကျေးရွာငယ်များအတွက်လည်း အသေးစားရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးစနစ်တို့ဖြင့် ဓာတ်အားရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် အခြေခံပြီး ကယားပြည်နယ်အတွင်းရှိ မြို့များနှင့် ကျေးရွာများတွင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ကယားပြည်နယ်နည်းတူ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ ဆောက်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်တေးဂီတဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂။** ။မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ မစ္စတာ ယာမာ မိုတို ယူနိုဆူကီ(Conductor & Composer) ဦးဆောင်သော ဂျပန်အနုပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲ တစ်ရပ်ကို ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းတိုက်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန်တေးဂီတဖျော်ဖြေမှုအစီအစဉ်ကို အပိုင်းနှစ်ပိုင်းခွဲကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းတွင် Classical Music သီချင်းသုံးပုဒ်အပါအဝင် ပေါ့ပ်တေးဂီတဖျော်ဖြေမှုများနှင့် ဒုတိယပိုင်းအစီအစဉ်တွင် နိုင်ငံတကာဇာတ်ဝင်တေးများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး အားလုံးပေါင်း တေးသီချင်း ၁၂ ပုဒ်ဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။ မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို MRTV-4 ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည့်အပြင် မန္တလေးမြို့မှ အပျော်တမ်းဂီတတူရိယာအဖွဲ့၏ နှစ်(၉၀)ပြည့်အထိမ်းအမှတ် တေးဂီတဖျော်ဖြေတင်ဆက်မှုကိုလည်း အမျိုးသားဇာတ်ရုံ၌ပင် ကျင်းပသွားမည်ဖြစ်ပြီး နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်။

**(အောင်ကျော်ဦး)**








■ **ကျောဖုံးမှ**

ထို့နောက် ပထမအကြိမ် သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကိုသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ထံမှ ပေးပို့သည့်သဝဏ်လွှာကိုပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်ကလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးသီဟစောက ကန်တော့ပွဲ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၃) ဦးမြတ်ခိုင်က ကန်တော့ခံသက်ကြီး သတင်းစာပညာရှင်များနှင့် ပရိသတ်အား မိတ်ဆက်ပေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးသန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီး သတင်းစာပညာရှင်ကြီးများအား မြန်မာ့ယဉ်ကျေးမှုဓလေ့ ထုံးစံနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်တို့က ကန်တော့ပစ္စည်းနှင့် အလှူငွေများကို လက်ရောက်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကိုပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပေးအပ်ရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးကိုကိုက လက်ခံသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လှူဒါန်းသော ငွေကျပ် ၁၀ သိန်း၊ အမျိုးသားလွှတ်တော်နာယက ဦးခင်အောင်မြင့်က အလှူငွေကျပ် ၁၀ သိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အလှူငွေကျပ် ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့ တော်ဝန် ဦးလှမြင့်က အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အသက်(၇၅)နှစ်အထက် သက်ကြီးသတင်းစာပညာရှင် ၅၇ ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်း၊ Skynet ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးစီ၊ အော်ရီဒူးကုမ္ပဏီက ငွေကျပ်ငါးသောင်းနှင့် ဟန်းဆက် တစ်လုံးစီတို့ကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# ကန်တော့ခံသတင်းစာဆရာကြီးများ၏ ပီတိစကားသံများ

*သတင်း-ထက်ခိုင်(စမ်းချောင်း)*
*ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)*

ရန်ကုန် နိုဝင်ဘာ ၂၂

**ရန်ကုန်မြို့ရှိမြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီကကျင်းပသော မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ ပထမအကြိမ်သက်ကြီးသတင်းစာပညာရှင်များကန်တော့ပွဲသို့ တက်ရောက်လာသော သတင်းစာဆရာကြီးများအနက်မှ ပီတိစကားသံအချို့ကို ယခုလိုဖော်ပြလိုက်ပါသည်။**

**ဦးခင်မောင်လေး**
**(ဖိုးသောကြာ-ခေတ်+မိုး)**

၁၉၆၂ တော်လှန်ရေးကောင်စီ တက်ပြီးတဲ့ခေတ် ၁၉၆၃ မှာ အဘတို့ လုပ်ခဲ့တဲ့ မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ၁၉၇၄ အခြေခံဥပဒေအရ အသင်းအဖွဲ့တွေ ဖျက်သိမ်းခဲ့တယ်။ အရင်တစ်ပါတီ အစိုးရလက်ထက်မှာ စာပေလုပ်သား၊ စာပေစာနယ်ဇင်းအဖွဲ့တွေကို ဖျက်သိမ်းပြီးတဲ့နောက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပြီးတဲ့နောက်ပိုင်း မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်းဆိုပြီးတော့ နှစ်သင်းဖွဲ့ဖို့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အရ ပြန်ပြီးတော့ဖွဲ့စည်းတာပေါ့။ ပြန်လည်ဖွဲ့စည်းချိန်မှာ အသင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်တယ်။ ဖွဲ့စည်းတဲ့အချိန်မှာ အဘကနာယကအဖြစ်နဲ့ ဆောင်ရွက်တယ်။ အဲဒါကိုအကြောင်းပြုပြီး သတင်းစာဆရာအသင်းရဲ့ သံယောဇဉ်နဲ့ တောက်လျှောက်လုပ်လာတယ်။ သတင်းစာဆရာအသင်းရဲ့ သက်ကြီးပူဇော်ပွဲကလည်း ၁၉၄၈ ကစပြီးတော့ ကြားကာလထဲမှာ တစ်ခါမှမလုပ်ခဲ့ဖူးဘူး။

မြန်မာနိုင်ငံသတင်းစာများသမိုင်းမှာ သက်ကြီးသတင်းစာဆရာတွေကို ကန်တော့တဲ့ပွဲက ဒါပထမအကြိမ်ပဲ။ သမ္မတကြီးက ဒီကနေ့ပွဲကိုပို့တဲ့ သဝဏ်လွှာမှာလည်း အဲဒါလေး ထည့်ရေးထားတာရှိတယ်။ ပီတိကတော့ ပြောစရာမလိုဘူး။ ကန်တော့ခံရတာကြောင့်ရယ်လို့တော့ မဟုတ်ဘူး၊ ဒီရှေ့မှာရောက်နေတာ သတင်းစာဆရာကြီးတွေ၊ စီနီယာကြီးတွေ၊ နယ်သတင်းထောက်တွေ အဲဒီလိုမျိုးပေါ့။ ဒီသတင်းထောက်ကြီးတွေဟာ တစ်ချိန်တုန်းက မြန်မာနိုင်ငံသတင်းစာ ဆရာများသမိုင်းမှာ သတင်းစာဆရာတွေရဲ့အဆင့်ဟာ အာရှမှာ တတိယရခဲ့တယ်။

၁၉၆၃ ခုနှစ်ကစပြီး ပုဂ္ဂလိက သတင်းစာလွတ်လပ်ခွင့်တွေ ရပ်ဆိုင်းသွားတယ်။ တောက်လျှောက်မရှိခဲ့တဲ့ဟာ အခု ၂၀၀၈ ခုနှစ်ကနေပြန်ပြီးတော့ ဒီမိုကရေစီစနစ်နဲ့ ပြန်လည်ကျင့်သုံးပြီး ပွင့်လင်းလာတဲ့အချိန်မှာ လက်ရှိရှိနေတဲ့ သတင်းသမားတွေအားလုံးဟာ ရာစုနှစ် တစ်ဝက်ကျော်လောက် သတင်းစာလွတ်လပ်ခွင့်နဲ့ အဆက်အသွယ်ပြတ်သွားခဲ့တယ်။



**ဦးမြတ်သူ**
**(တက္ကသိုလ်မြတ်သူ)**

အသားမကျခဲ့ဘူး။ သတင်းစာဆရာတွေက ဝါသနာနဲ့ စေတနာနဲ့လုပ်တာများတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေ ဒီနေရာမှာ၊ သတင်းစာလောကမှာ တကယ်ဦးဆောင်နေပါလားဆိုတာ သိစေချင်တာလည်းပါတယ်။ လက်ဦးဆရာတွေပါလို့ သိစေချင်တယ်။ ဒီလူတွေဟာ သတင်းစာလောကအတွက် နယ်ချဲ့ဆန့်ကျင်ရေးမှာလည်း ပါခဲ့တယ်။ လွတ်လပ်ရေး တိုက်ပွဲတွေမှာလည်း ပါခဲ့တယ်။ ဒီမိုကရေစီအရေးမှာလည်း ပါခဲ့တယ်။ သတင်းစာလွတ်လပ်ခွင့်ကိစ္စမှာလည်း ပါခဲ့တယ်။ ဒီပုဂ္ဂိုလ်တွေဟာ အလကားအိပ်နေတဲ့သတင်းစာဆရာတွေမဟုတ်ဘူး။ ပြည်သူတွေနဲ့ အမြဲတက်ကြွလှုပ်ရှားနေတဲ့ သတင်းစာဆရာတွေဖြစ်တယ်ဆိုတာကိုလည်း သိစေချင်ပါတယ်။

**ဦးမြတ်သူ**
**(တက္ကသိုလ်မြတ်သူ)**

သတင်းစာဆရာတွေ အဖွဲ့နဲ့စုမိတယ်ဆိုကတည်းက ဒါဟာဝမ်းသာစရာပဲ။ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးမှာ သတင်းအသိတွေနဲ့ တိုးတက်နေတယ်။ ကမ္ဘာဦးအမှောင်ထုရိုင်းစိုင်းတဲ့ ဘဝကနေ တဖြည်းဖြည်း



**ဦးခင်မောင်လေး**
**(ဖိုးသောကြာ-ခေတ်+မိုး)**

လူ့ယဉ်ကျေးမှုတွေ တိုးတက်လာတယ်။ ပညာရပ်တွေ တိုးတက်လာတယ်။တစ်ယောက်သတင်းတစ်ယောက် ဆင့်ပွားကြိုးပမ်းခဲ့လို့ပဲ။

သတင်းသမားဆိုတာကလည်း လူတွေကို သတင်းမှန်တွေ ပေးနေရမယ်။ ကိုယ့်စိတ်ထဲဘာရှိရှိ ကိုယ့်ကို ဘာဆွယ်ဆွယ် အဓိကကတော့ ပြည်သူကို သတင်းမှန်ပေးရမယ်ဆိုတဲ့အသိ ပြည်သူတွေကိုပေးတဲ့ တာဝန်ထမ်းဆောင်နေတဲ့ သတင်းသမားတွေ စုမိတယ်ဆိုတာ ချို့ယွင်းချက်ရှိရင်တောင် တစ်ယောက်ကို တစ်ယောက် ပြင်သွားလို့ရတယ်၊ ဝေဖန်သွားလို့ရတယ်။

ဒီလိုပွဲဟာ တိုင်းပြည်အတွက် မြန်မာ့ဂါရဝတရားကို ကမ္ဘာက သိသွားမယ်။ သတင်းသမားတွေက ညီညီညွတ်ညွတ်နဲ့ပြည်သူကို သတင်းအမှန်ပေးရမယ့် သတင်းတွေ၊ အသိတွေပြည်သူတွေ ရစေရမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ ဆက်လက်လျှောက်လှမ်းသွားမယ်ဆိုရင် မြန်မာပြည်ဟာ ပိုတိုးတက်လာဖို့ပဲရှိတယ်။ မြန်မာပြည်မှာရှိတဲ့ ရေမြေသဘာဝသယံဇာတတွေအရ ထိပ်ဆုံးနိုင်ငံကြီး



**ဦးကိုကိုကြီး**
**( ကိုကိုကြီး-ဟန်ဂေရီ)**

ဖြစ်မယ်။ ပြည်တွင်းစစ်သာ မဖြစ်ကြရင် လွတ်လပ်ရေးရကတည်းက ညီညွတ်ကြမယ်ဆိုရင် သတင်းသမားတွေကလည်း လက်ဝဲလက်ယာအစွဲတွေ မရှိကြဘူး။ မြန်မာ့သက်သက် ပီပီသသလုပ်ရင် မြန်မာပြည်ဟာ ဒီထက်စောပြီးတော့ အာရှတိုက်ရဲ့ အစောဆုံးစီးပွားရေးဖွံ့ဖြိုးတဲ့ နိုင်ငံတစ်ခုဖြစ်လာမယ်။ အခုချိန်မှာ အသိတရားတွေရကြပြီးတော့ သတင်းသမားအားလုံးကလည်း သတင်းသမားအသိကိုပြည်သူတွေကို ပေးနိုင်ပါစေ၊ ပြည်သူတွေလည်း သတင်းအမှန်တွေ ခံယူပြီး ကိုယ့်တိုင်းပြည်တိုးတက်သထက်တိုးတက်အောင် ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဦးကိုကိုကြီး**
**( ကိုကိုကြီး-ဟန်ဂေရီ)**

လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကနေ ဒါပထမဆုံးလုပ်တယ်။ သီးခြားပူဇော်ကန်တော့တဲ့ ပထမဆုံးပွဲ၊ ဒါဟာ အင်မတန်မှ ထူးခြားတဲ့ပွဲပေါ့။ သတင်းထောက်တွေဆိုတာ သူများအကျိုးကိုပဲ ဆောင်ရွက်ပေးခဲ့တဲ့သူတွေပဲ။ ပြည်သူ့အကျိုးကို ဆောင်ရွက်ပေးတဲ့သူတွေ အခုလို ဂုဏ်ပြုခံရတာ၊ အသိ



**ဦးစိန်ထွန်းအောင်**
**(အထောက်တော် စိန်ထွန်းအောင်)**

အမှတ်ပြုခံရတာ အင်မတန် ဂုဏ်ယူစရာပဲ။ ဒီလိုပွဲမျိုး နှစ်တိုင်းဆက်ပြီးတော့လည်း လူငယ်တွေက ရှေ့ဆောင်သွားဖို့လိုတယ်လို့လည်း ပြောချင်ပါတယ်။ သိုက်သိုက်ဝန်းဝန်းဖြစ်အောင် လုပ်ကြဖို့လိုတယ်။ စည်းစည်းလုံးလုံးဖြစ်အောင် လုပ်ကြဖို့လိုတယ်။

**ဦးစိန်ထွန်းအောင်**
**(အထောက်တော် စိန်ထွန်းအောင်)**

ဖွဲ့စည်းမှုရဲ့ အစပိုင်းမှာပဲ အခုလို ကြီးကျယ်တဲ့ သက်ကြီးပူဇော်ပွဲကို လုပ်နိုင်တယ်ဆိုတော့ ဒါကအမှုဆောင်တွေရဲ့ ကြိုးပမ်းမှုကို ဂုဏ်ပြုထိုက်တယ်။ ဝမ်းသာစရာလည်း ကောင်းပါတယ်။ ဒီအသင်းကြီး အခွန့်ရှည်ပြီးတော့ အစဉ်အဆက် အမှုဆောင်တွေလည်း ကျန်းမာချမ်းသာစွာနဲ့ အသက်ရာကျော်ရှည်ပါစေ၊ တာဝန်တွေထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းစကားပြောချင်တယ်။

**ဦးခင်မောင်ညွန့်**
**(သတင်းထောက်ခင်မောင်ညွန့်)**

ကြေးမုံကနေ လုပ်သားပြည်သူ့သတင်းစာ၊ လျှပ်တစ်ပြက်ဂျာနယ်၊ အချစ်ဂျာနယ်၊ ကောင်းသတင်းဂျာနယ်၊ ရွှေနိုင်ငံသစ်သတင်းစာတွေမှာ လုပ်ခဲ့တယ်။ လက်ရှိ Street View ဂျာနယ်မှာ လုပ်ဆောင်နေပါတယ်။ အခုအဘအသက်က (၇၇)နှစ်ရှိပါပြီ။ လွန်ခဲ့တဲ့ ၅၅ နှစ်လောက်က သတင်းထောက်လုပ်ခဲ့တဲ့ဘဝနဲ့ အခုနဲ့က မတူဘူး။ အခုခေတ်က တိုးတက်



**ဦးခင်မောင်ညွန့်**
**(သတင်းထောက်ခင်မောင်ညွန့်)**

ဖွံ့ဖြိုးလာပြီးတော့ ပထမဦးဆုံးအကြိမ် သတင်းစာဆရာတွေ၊ သတင်းထောက်တွေဆုံခဲ့တာ အများကြီးဦးဆောင်မှုပြုခဲ့တယ်။ အခုခေတ်လူငယ် မီဒီယာတွေက ယခင်ခေတ်နဲ့ မတူဘူး။ ကွန်ပျူတာတွေ၊ အင်တာနက်တွေ တွင်တွင်ကျယ်ကျယ် ဖြစ်လာခဲ့တယ်။

အဘတို့ ခေတ်က ဒါတွေမမြင်ဖူးမကြားဖူးဘူး။ အခုလိုတိုးတက်တဲ့ ခေတ်ကြီးမှာ တိုးတက်တဲ့ မီဒီယာတွေက နိုင်ငံအတွက်ရော အများကြီး အထောက်အကူပြုစေတဲ့ စတုတ္ထမဏ္ဍိုင်ကြီးဖြစ်ပါတယ်လို့ ပြောချင်ပါတယ် စသည်ဖြင့် ပြောကြားသွားခဲ့ခြင်းဖြစ်ပါသည်။ ။

## ပြည်တွင်းရေးရာ

### ● လွှတ်တော်များမှ

လွှတ်တော်ကချမှတ်ထားသည့် "ပြည်သူ့အသံ-လွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်သည် လွှတ်တော်၏မူဝါဒပင်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက်ကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်းနှင့် ဥပဒေပြဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလွှတ်တော်အလိုက် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်သူများ၏အသံကိုရယူရမည်ဆိုသည့် ယုံကြည်ချက်အရ ပြည်သူများထံသို့ အရောက်သွားခဲ့ရာ ပိုမိုပြည့်စုံသည့် အချက်အလက်များရရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ လွှတ်တော်ရပ်နားစဉ် ရက်များအတွင်း ပြည်သူများထံသွားရောက်၍ ပြည်သူများ၏အသံကိုရယူနေခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ သွားရောက်ခြင်းဖြင့် ပြည်သူများ၏ အသံကို ပိုမိုကြားသိရပြီး လွှတ်တော်အတွင်း ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့လွှတ်တော်များတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အရှိန်အဟုန်မြင့်မားစေရေးအတွက် ဦးတည်ချက် (၃)ရပ်ထားကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများ သောသောညံလျက်ရှိသည်ကို ပြည်သူများကြားသိနေကြပြီဖြစ်ပါကြောင်း၊ လာမည့် ၂၅ ရက်တွင် ဆွေးနွေးမှုပြီးဆုံးပါက လွှတ်တော်အပိုင်းက သက်ဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲမှုသည် လူတစ်ဦးချင်း၊ အဖွဲ့တစ်ဖွဲ့၊ နိုင်ငံတစ်နိုင်ငံအတွက် မဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုမလုပ်ရဟု တရားသေမှတ်ယူပါက အမှားဖြစ်ကြောင်း၊ ထို့အတူပြောင်းလဲရန် မလိုသည့်အချက်များကို အတင်းပြောင်းလဲပါကလည်း အမှားတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆင်ခြင်တုံတရားကိုအလေးထားပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ သာစည်မြို့သို့ရောက်ရှိစဉ် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးသာမက မိမိတို့ဒေသလိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် သာစည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရ၊ အဖွဲ့ဝင်ဦးအောင်စိုးဝင်း၊ သာစည်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မောင်အေး၊ သာစည်မြို့နယ် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးကံဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ပျော်ဘွယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံထွန်းတို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် နေရာတစ်ခုကိုရောက်ရှိခဲ့ပြီဖြစ်သော်လည်း မျှော်မှန်း၊ မျှော်လင့်ထားသလောက် မဖြစ်သေးပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် လွယ်လွယ်နှင့်ရသည့်ကိစ္စမဟုတ်ပါကြောင်း၊ မည်မျှပင်ခက်ခဲပါစေ မိမိတို့အနေဖြင့် အောင်မြင်အောင်လုပ်ဆောင်မည်ဟုခံယူထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်နိုင်ငံများနှင့် နှိုင်းစာလျှင် ကောင်းမွန်သည့်အခွင့်အရေးများ ရရှိခဲ့ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ယခုကဲ့သို့ဆောင်ရွက်နိုင်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကျင်းပပြီး လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရေးအဖွဲ့များပေါ်ပေါက်လာခဲ့ပြီး ယခုအခြေအနေထိရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ယခုအခါဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာသုံးသပ်ပြီး ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအကျိုးဆက်ကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြော၊ အသက်ဝိညာဉ်ဖြစ်၍ လွှတ်တော်များ၏ အခန်းကဏ္ဍမည်မျှအရေးကြီးသည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ လက်ရှိလွှတ်တော်များ၏ ဆောင်ရွက်ချက်အပေါ် ပြည်တွင်းသာမက နိုင်ငံတကာကပင် အသိအမှတ်ပြုလက်ခံလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွှတ်တော်များသည် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခု၊ အစိုးရအဖွဲ့အတွက် မကြည့်ဘဲ ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်က ဥပဒေပေါင်း (၁၂၆) ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင်လည်း ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ အဆိုပါဥပဒေများကို သက်ဆိုင်သည့် ပြည်သူများ သိရှိလိုက်နာကျင့်သုံးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုနည်းတူ ပြဋ္ဌာန်းပြီး ဥပဒေများ အသက်ဝင်လာစေရန် လိုအပ်သည့် နည်းဥပဒေများပေါ်ထွက်လာရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း။

လွှတ်တော်များသည် တောင်သူလယ်သမား၊ အလုပ်သမားနှင့် နိုင်ငံ့ဝန်ထမ်းများအား ခေတ်ကာလနှင့်လျော်ညီပြီး မိမိတို့ဂုဏ်သိက္ခာနှင့် ရပ်တည်နေထိုင်နိုင်ရန် လုပ်ခလစာနှင့် အခွင့်အရေးများ တိုးတက်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်ရှိ ပန်းစုံကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာသဘ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကိုလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

အလားတူ သာစည်မြို့ရှိ ရေလည်ကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓမ္မကိတ္တိအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့အတူ ညနေပိုင်းတွင် ရမည်းသင်းမြို့ ရန်အောင်မြေကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဂန္ဓသာရ အမှူးပြုသောဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

## ဒေသခံဝန်ထမ်းများနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများအား တွေ့ဆုံအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် ယနေ့ နံနက် ၈ နာရီတွင် ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ တက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးထပ်စာသင်ဆောင်အသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံဝန်ထမ်းများအား တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြရန် လိုအပ်ကြောင်း၊ ကလေးဒေသသည် အိန္ဒိယနိုင်ငံနယ်စပ်နှင့် နီးကပ်စွာတည်ရှိနေသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ တစ်ဖက်ကလည်း တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျှော့နည်းနိုင်သမျှ လျှော့နည်းအောင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ကလေးမြို့ တောင်ဇလပ်ရပ်ကွက်ရှိ ရွှေထိပ်တန်းရက်ကန်းလုပ်ငန်းအသင်းသို့သွားရောက်၍ ချင်းရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❖



## Fly Project 2014 ပိတ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနနှင့် ASEAN Film Commissions Network (AFC Net), Busan Film Commission တို့ ပူးပေါင်းကျင်းပသည့် ASEAN - ROK Film Leaders Incubator; Fly Project 2014 ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘူဆန်ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။


ရှေးဦးစွာ ဘူဆန်ရုပ်ရှင်အစည်းအရုံးဒါရိုက်တာ Mr. Oh Shok Geun နှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး Fly Project 2014 သင်တန်းနည်းပြဆရာ ဆရာမများအား ဂုဏ်ပြုလက်မှတ်များချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးအောင်ကိုလတ်နှင့် တာဝန်ရှိသူများက ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံတို့မှ သင်တန်းသား သင်တန်းသူ ၂၀ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကာ သင်တန်းနည်းပြ ဒေါ်ဆွေဇင်ထိုက်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရုပ်ရှင်အတတ်ပညာသင်တန်းတွင် အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံမှ ရုပ်ရှင်ဒါရိုက်တာ၊ ဂီတပညာရှင် စသည့် အတတ်ပညာရှင်များက အာရှဒေသရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရုပ်ရှင်စွမ်းရည်များကို လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ အဖွင့်ပွဲတွင် ဖိလစ်ပိုင်ဂိုးပြတ်နိုင်



ပွဲဦးထွက် ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည့် ဖိလစ်ပိုင်အသင်း။

အာဆီယံဆုဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မိုင်ဒင်းအမျိုးသားအားကစားကွင်း၌ကျင်းပရာ ဖိလစ်ပိုင်အသင်းက ဂိုးပြတ်နိုင်ပွဲ စတင်ရရှိခဲ့သည်။

**ဖိလစ်ပိုင် - လေးဂိုး**
**လာအို - တစ်ဂိုး**

ဆုဇူကီးဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် ဖိလစ်ပိုင်အသင်းမှာ အုပ်စုအဖွင့်ပွဲတွင် ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်းမှာ ဂိုးစပေးခဲ့ရသော်လည်း အမှားအယွင်းမရှိခဲ့ဘဲ လေးဂိုးပြန်သွင်းကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၂၀ မိနစ်တွင် ကမ်ပန်က ပြစ်ဒဏ်ဘောမှတစ်ဆင့် လာအိုအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဖိလစ်ပိုင်အသင်းမှာ ကစားကွက်ပျက်မသွားဘဲ လာအိုအသင်းဘက်ကို ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့သည်။ ၃၉ မိနစ်တွင် ဖိလစ်ပိုင်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ရိုတက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ဖိလစ်ပိုင်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး နာမည်ကြီးကစားသမား ဖိလစ်ယန်းဟက်စဘန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်းက ပွဲကိုစိုးမိုးသွားပြီး ရိုင်ချယ်လစ်က ၇၇ မိနစ်နှင့် ၈၉ မိနစ်တို့တွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ဒုတိယပွဲအဖြစ် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။ အုပ်စု(ခ)ပွဲစဉ်များကို နိုဝင်ဘာ ၂၃ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် မလေးရှား၊ ညနေ ၆ နာရီခွဲတွင် ထိုင်းနှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**(ဖိုးသော်ဇင်)**

ပြည်တွင်းရေးရာ

# ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာကွယ်ရေးနှင့် ထွန်းကားပြန့်ပွားရေး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာကွယ်ရေးနှင့်ထွန်းကားပြန့်ပွားရေး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို နီပေါနိုင်ငံ လုမ္ဗိနီ ထေရဝါဒဗုဒ္ဓတက္ကသိုလ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် နီပေါနိုင်ငံ လုမ္ဗိနီဒေသ မြန်မာရွှေကျောင်းရှိ ရွှေတိဂုံပုံတူ လောကမဏိစူဠာစေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ နီပေါနိုင်ငံ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာ အရှင်ဉာဏပုဏ္ဏိကက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ဆက်လက်၍ နီပေါနိုင်ငံ သမ္မတ Dr.Ram Baran Yadav က ဆီမီးတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက အဖွင့်အမှာစကားပြောကြားရာတွင်**(ယာပုံ)** ဗုဒ္ဓဘုရားရှင်၏ အဓိကထူးခြားသည့် အဖြစ်အပျက်များနှင့် စပ်လျဉ်းပြီး ကမ္ဘာပေါ်တွင် အဓိကနေရာ ခြောက်နေရာကို ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထားပူဇော်ကြကြောင်း၊ အဆိုပါနေရာများမှာ(က) သိဒ္ဓတ္ထဂေါတမ ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊ (ခ) သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့် ဗုဒ္ဓဂယာဒေသရှိ မဟာဗောဓိရွှေညောင်ပင်၊(ဂ)တရားဦးဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်တော၊ (ဃ) ဘုရားရှင် (၂၅)နှစ်ကြာ သီတင်းသုံးတော်မူရာ သာဝတ္ထိဒေသ၊ (င) မယ်တော်မိနတ်သား ဦးဆောင်သော နတ်အပေါင်းတို့အား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ ပြန်လည်ဆင်းသက်ရာ သင်္ကဿနဂိုရ်ပြည်နှင့် (စ) ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံကျောင်းတို့ဖြစ်ကြောင်း။

ဘာသာရေးအနှစ်သာရအားဖြင့် ထူးခြားသောအချက်နှစ်ချက်နှင့်ပြည့်စုံသော လုမ္ဗိနီဒေသတွင် ဤအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို ကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် ဤလုမ္ဗိနီဒေသသည် ဘုရားရှင်ဖွားမြင်တော်မူသည့်နေရာဖြစ်ပြီး ဒုတိယအချက်မှာ သိဒ္ဓတ္ထမင်းသားငယ် ဖွားမြင်ပြီးစတွင် အံ့ဩဖွယ်အခြင်းအရာကို ထူးခြားစွာပြသတော်မူခဲ့သည့် နေရာဖြစ်ကြောင်း၊ သိဒ္ဓတ္ထမင်းသားသည် အရပ်လေးမျက်နှာကို ကြည့်ရှုပြီး ဖွားမြင်ပြီးစအချိန်တွင် ထွက်ပေါ်လာသည့် ကြာပွင့်ခုနစ်ပွင့်ပေါ်တွင် မြောက်အရပ်သို့ ခြေလှမ်းခုနစ်လှမ်းလှမ်းလျက် ဤကမ္ဘာလောက၌ ငါသည် အမြင့်မြတ်ဆုံးဖြစ်သည်။ ဤမွေးဖွားခြင်းသည် နောက်ဆုံးမွေးဖွားခြင်းဖြစ်သည်၊ ငါ့အဖို့ အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်းမရှိတော့ပေတကားဟု ကြွေးကြော်ခဲ့သည်။ ကျွန်ုပ်တို့အား ရှင်းလင်းပြတ်သားသော လမ်းညွှန်မှုနှင့် စံနမူနာပြ ကြွေးကြော်ခြင်းတို့ကို ဆင်ခြင်သုံးသပ်သောအခါ ဤနေရာသို့ ရောက်ရှိနေသော ဗုဒ္ဓဘာသာဝင်အားလုံးသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် အားထုတ်ကြပါစို့၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ရန် အားထုတ်ကြပါစို့။ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို မူလသဘာဝအတိုင်း ထိန်းသိမ်းနေစဉ် ကာလအတွင်း ထွန်းကားပြန့်ပွားအောင် အားထုတ်ကြပါစို့ဟု သစ္စာအဓိဋ္ဌာန်ပြုကြရမည်ဖြစ်ကြောင်း၊ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း (၂၃၆)နှစ်အကြာတွင် အသောကမင်းတရားကြီးသည် ဗုဒ္ဓဘာသာအထွတ်အမြတ်ဒေသအားလုံးသို့ လှည့်လည်ပူဇော်ခဲ့ကြောင်း၊ လုမ္ဗိနီဒေသသို့ ဘီစီ(၂၄၉)ခုနှစ်တွင် ရောက်ရှိပြီး ကျောက်တိုင်တစ်ခုကို အမှတ်တရစိုက်ထူပူဇော်ခဲ့ကြောင်း၊ အသောကမင်းတရားကြီးသည် ရောက်လေရာနေရာဒေသနီးပါး၌ ကျောက်တိုင်ပုံစံလေးမျိုးကို စိုက်ထူခဲ့ပြီး ကျောက်တိုင်များအပေါ်၌လည်း မှတ်တမ်းရေးထိုးခဲ့ကြောင်း၊ လုမ္ဗိနီကျောက်တိုင်ထိပ်၌ မြင်းရုပ်ကို ထားရှိခဲ့ကြောင်း၊ ရမ်ဂမ်နှင့် ရမ်ပူရ်ကျောက်တိုင်ထိပ်၌ နွားရုပ်ကိုထားရှိခဲ့ကြောင်း၊ သင်္ကဿနဂိုရ်ကျောက်တိုင်ထိပ်၌ ဆင်ရုပ်ကိုထားရှိခဲ့ပြီး အခြားနေရာများရှိ ကျောက်တိုင်များ၏ထိပ်၌ ခြင်္သေ့ရုပ်များထွင်းထုထားရှိခဲ့ကြောင်း။

အသောကမင်းကြီး စိုက်ထူခဲ့သောကျောက်စာတိုင်လေးမျိုးကို ကိုယ်စားပြုသော ဗုဒ္ဓဘာသာအတွေးအခေါ်၊ ဗုဒ္ဓဘာသာအသိဉာဏ်၊ ဗုဒ္ဓဘာသာဂုဏ်သိက္ခာတို့ကို ညွှန်းဆိုချက်အတိုင်း မြင်းရုပ်သည် တစ်လောကလုံး၏ အကျိုးစီးပွားကို လျင်မြန်သောအရှိန်အဟုန်ဖြင့် အမှုထမ်းဆောင်ရန်၊ နွားရုပ်သည် တစ်လောကလုံး၏ အကျိုးစီးပွားကို သည်းခံခြင်းစွမ်းအားဖြင့် အမှုထမ်းဆောင်ရန်၊ ဆင်ရုပ်သည် တစ်လောကလုံး၏အကျိုးစီးပွားကို ကြီးမားသောခွန်အားဖြင့် အမှုထမ်းဆောင်ရန်၊ ခြင်္သေ့ရုပ်သည် လောကကောင်းကျိုးအတွက် ရဲရင့်သောသတ္တိဖြင့် အမှုထမ်းဆောင်ရန်တို့ ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်အားလုံးတို့က အသောကမင်းကြီး ညွှန်းဆိုသည့်အတိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာကွယ်ရေးနှင့် ထွန်းကားပြန့်ပွားရေးတို့အတွက် အလေးထားညှိနှိုင်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ သဝဏ်လွှာကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်သိန်းညွှန့်က ဖတ်ကြားခဲ့သည်။ ၎င်းနောက် နီပေါနိုင်ငံသမ္မတ Dr.Ram Baran Yadav၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ် Prakash Man Singh၊ နီပေါနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Mr.Deepak Chandra Anatya တို့က အသီးသီးအမှာစကားများ ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၉၃ ဦးအပါအဝင် တက်ရောက်သူများအင်အား ၆၀၀ ကျော်တို့က အဖွဲ့ငယ်ငါးဖွဲ့ခွဲ၍ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။ နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် လုမ္ဗိနီဒေသရှိဗုဒ္ဓဘာသာအမွေအနှစ်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာအမွေအနှစ်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာ ပညာရေးစနစ်နှင့် လုမ္ဗိနီဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ခေါင်းစဉ်ငါးခုနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ၎င်းနောက် သီတဂူဆရာတော်ကြီးက ညီလာခံပိတ်ပွဲ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဤအောင်မြင်မှုများသည် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ထောက်ပံ့လှူဒါန်းသူများ၊ ဖွဲ့စည်းဆောင်ရွက်သူများ၊ စေတနာရှင်များ၊ ထူးခြားထင်ရှားသော လမ်းညွှန်စကားပြောကြားသူများ၊ ထေရ်ကြီးဝါကြီး ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာတက္ကသိုလ်များ၊ ထင်ရှားသော ဗုဒ္ဓဘာသာသုတေသီများ၊ ယူနက်စကိုရှေးဟောင်းသုတေသနပညာရှင်များ၊ ယူနက်စကိုနှင့် အခြားရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များ၊ သုတေသီခေါင်းဆောင်များနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သူများ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်ခြင်းဖြစ်ပါကြောင်း မွက်ကြားခဲ့သည်။

**(သတင်းစဉ်)**





**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ ရန်ကုန်တက္ကသိုလ်အတွင်းရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏အဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း ရန်ကုန်တက္ကသိုလ်အဆောင်များ အကြီးစားပြုပြင်မွမ်းမံမှုများ စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာအရည်အသွေး မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ ဖြည့်ဆည်းခြင်း၊ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ မူလလက်ရာမပျက်စေဘဲ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူအဆောင်များကို ပရိဘောဂပြုပြင်မွမ်းမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ဆောင်ရွက်သည့် လုပ်ငန်းများကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းမဖွင့်မီ ရန်ကုန်တက္ကသိုလ်အတွင်းရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးများသည် ကျောင်းသူအဆောင်များဖြစ်ကြသော သီရိဆောင်၊ မာလာဆောင်၊ အင်းလျားဆောင်၊ ရတနာဆောင်နှင့် ကျောင်းသားအဆောင်များဖြစ်ကြသည့် စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်တို့ကို အကြီးစားပြုပြင် မွမ်းမံဆောင်ရွက်နေသည်ကို ကျောင်းဆောင်တစ်ဆောင်ချင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ခရီးသည်မှန်လုံယာဉ်ပေါ် စီးနင်းလာသူထံမှ ဘိန်းဖြူမှုန့်များသိမ်းဆည်းရမိ

**နောင်ချို နိုဝင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု(၂၄) နောင်ချိုလှုပ်ရှားဆွယ်မှ ရဲအုပ်ဇော်မျိုးနိုင်ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီခန့်က နောင်ချိုမြို့ အေးရှားဝေါတိုးဂိတ်အနီး မူးယစ်ရိပ်သာရှေ့၌ လားရှိုးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်ဝင်းခိုင် မောင်းနှင်လာသော မန်းရွှေပြည်ယာဉ်အသင်း ခရီးသည်မှန်လုံယာဉ် ယာဉ်အမှတ် 9E/. . . ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ခုံအမှတ်(၂၃)ခရီးသည် အောင်ရမ်နှင့် ခုံအမှတ်(၂၅၊၂၆)တွင် စီးနင်းလာသူ ဇောင်းခေါင်၊ စောဘလယ်ဇင်တို့အား စစ်ဆေးရာ အောင်ရမ်၏ ပေါင်ပေါ်တင်ထားသော ခုံနံပါတ် (၂၃) လေဘယ်တပ်ဆင်ထားသည့် HCLGO စာတန်းပါ မြင်းချေးရောင်ခရီးဆောင်အိတ်အတွင်း အဝတ်အစားများနှင့် ရောနှော၍ TAW WIN စာတန်းပါ စက္ကူအိတ်အတွင်း ထည့်ထားသောဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့် ပင်နီဆီလင်ပုလင်း တစ်ပုလင်းလျှင် အလေးချိန် သုည ဒသမ ၄ ဂရမ်စီခန့်ပါ ခုနစ်ပုလင်း၊ အစိမ်းနုရောင်ကော်ဘူးငယ်ဖြင့် ထည့်လျက် အလေးချိန် နှစ်ဂရမ်ခန့်ပါ တစ်ဘူး၊ EXTAR တံဆိပ်ပါ အဖြူရောင်ကော်ဘူးအတွင်း ထည့်ထားသော အလေးချိန် ခုနစ်ဂရမ်ခန့်ပါ တစ်ဘူး စုစုပေါင်းအလေးချိန် ၁ ဒသမ ၈ ဂရမ်ခန့်အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဘိန်းဖြူမှုန့်များ သယ်ဆောင်လာကြသည့် အောင်ရမ် အသက်(၂၄)နှစ် သီရိလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နှင့် ဇောင်းခေါင် အသက်(၂၇)နှစ် ကန်သာယာ(၆)လမ်း တွံတေးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် စောဘလယ်ဇင်(၂၀)နှစ် ကန်သာယာ(၆)လမ်း တွံတေးမြို့ နေထိုင်သူတို့သုံးဦးအား နောင်ချိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။ **စိုးဝင်း(နောင်ချို)**

# ပြည်သူ့အသံ ပြည်သူ့အကြံ

ခင် မောင် ထွေး

ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးနှုန်း မြင့်တက်လှုပ်ခတ်မှုနှင့်အတူ ပြည်ပမှတင်သွင်းသော ကုန်စည်များနှင့်အခြေခံစားသောက်ကုန်များပါ သဟဇာတရှိရှိ အတူ ယှဉ်တွဲ၍ ဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်ခဲ့သည်။

နိုဝင်ဘာ ၁၉ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၀၈၀ ကျပ်နှင့် ရောင်းဈေး ၁၀၉၀ ကျပ် နီးပါး ခန့်ရှိခဲ့သော်လည်း ဗဟိုဘဏ်က ငွေလဲနှုန်းကို နိုဝင်ဘာ ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၀၄၈ ကျပ်၊ နိုဝင်ဘာ ၂၀ ရက်တွင် ၁၀၄၄ ကျပ်နှင့် နိုဝင်ဘာ ၂၁ ရက် တွင် ၁၀၄၀ ကျပ်သို့ လျှော့ချပေးခဲ့၍ ငွေလဲလှယ်နှုန်းများ ပြန်လည်လျော့ကျလာသည်။

သို့ဆိုစေကာမူ ပြည်ပမှတင်သွင်းသော ကုန်စည်များနှင့် အခြေခံစားသောက်ကုန်များမှာ ဆက်လက်ရိုက်ခတ်လှုပ်ခတ်နေဆဲပင်။

သို့မို့ကြောင့် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ပစ္စက္ခဒေါ်လာဈေး အလှုပ်အခတ်နှင့်အတူ ဝန်ထမ်းလစာများ တိုးပေးတော့မည်ဟူသည့်သတင်းတို့ကြောင့် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်ခဲ့ရပြီး နောက်ဆက်တွဲကုန်ဈေးနှုန်းလှုပ်ခတ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် ပြည်သူအချို့၏ ပြည်သူ့အသံပြည်သူ့အကြံပြုချက်များကို ကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

**ဦးနှင်းဦး (အကြီးတန်းဒုတိယဥက္ကဋ္ဌ) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်**

ကျွန်တော်တို့ နိုင်ငံက အစားအစာ၊ဆေးဝါး၊ စားအုန်းဆီကအစ အိမ်သုံးပစ္စည်းတွေကို နိုင်ငံခြားက မှာယူရတာတွေရှိပါတယ်။ တစ်ဖက်ကလည်း သွင်းကုန်ပစ္စည်းတွေကို ဒေါ်လာနဲ့ ဝယ်ယူရတယ်။ ဒေါ်လာဈေးတက်ရင် အဲဒီလိုပစ္စည်းတွေ ဈေးတက်တာနဲ့ တိုက်ရိုက်အချိုးကျတယ်။ ဒေါ်လာဈေးတက်ရင် အဲဒါကိုခံစားရတာက အလတ်တန်းစားနဲ့ အခြေခံလူတန်းစားတွေပါပဲ။ ဒေါ်လာဈေးက အတက်အကျမရှိဘဲ တည်တည်ငြိမ်ငြိမ်နဲ့ဖြစ်နေမယ်ဆိုရင်တော့ မဆိုးဘူးပေ့ါ။ ဒေါ်လာဈေး ဘာကြောင့်တက်ရတာလဲဆိုတော့ ဒေါ်လာကိုလိုက်ဝယ်တဲ့သူတွေ များနေလို့ပဲ။ ဒေါ်လာက ရှားနေတယ်။ လိုက်ဝယ်တဲ့သူတွေက ဒေါ်လာလိုက်ရှာရတော့ တဖြည်းဖြည်းနဲ့ ဈေးပိုပေးရတယ်။ ဒေါ်လာအဝယ်နည်းသွားရင် ဈေးကျသွားမှာပဲ။ ဒါလေးကိုတော့ သတိထားသင့်တယ်။ သိပ်ပြီးတက်သွားရင် စိုးရိမ်ရတယ်။ မထိန်းနိုင်မသိမ်းနိုင်ဖြစ်သွားမယ်။ စိုးရိမ်ရတယ် ဆိုတဲ့အဓိပ္ပာယ်က ကြိုတင်ကာကွယ်မှုအနေနဲ့ ပြောတာဖြစ်ပါတယ်။

**ဦးခင်ဟန် (ဥက္ကဋ္ဌ) မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်း**

ကြက်သွန်နီကတော့ ဈေးကျနေပြီး အာလူး၊ ငရုတ်ကလည်းဈေးမတက်ပါဘူး။ ပုံမှန်ပါပဲ ။ ရှမ်းကြက်သွန်ဖြူက လက်ကျန်နည်းလာတော့ ဈေးတက်သလို တရုတ်နိုင်ငံဘက်က ဝင်တဲ့ ကြူကုတ် ကြက်သွန်ဖြူတွေလည်း ဈေးတက်နေတယ်။ ကြက်သွန်၊ ငရုတ်၊ အာလူး၊ ဆန်စတဲ့ အခြေခံစားကုန်တွေအကုန်လုံးရဲ့ ဈေးနှုန်းတွေက လက်ရှိရနေတဲ့ လစာ၊ ဖြစ်နေတဲ့ ဒေါ်လာ၊ ရွှေဈေးနဲ့ ချိန်မယ်ဆိုဈေးနှုန်းတွေက တည်ငြိမ်တယ်လို့ ကျွန်တော်မြင်တယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ရောင်းတဲ့ ကုန်စည်ဒိုင်ကလက်ကားဈေးတွေထက် ရပ်ကွက်ဈေးတွေမှာတော့ ဈေးနည်းနည်းကြီးနေတယ်လို့ ကျွန်တော်ကြားတယ်။ ကျွန်တော် ဆိုလိုတာက ကြက်သွန်နီ၊ အာလူးလျှော့တတ်ပါတယ်။ သင့်တော်တဲ့ဈေးနှုန်းဆို နည်းနည်းတော့ ပိုရောင်းရမှာပေ့ါ ။ တစ်ရာကို နှစ်ရာရောင်းတာတော့ နည်းနည်းများတယ်။ တကယ်ဆိုရင် အဲလောက် မကွာခြားသင့်ဘူး။ အဲဒါကိုတော့ တာဝန်ရှိသူတွေက နည်းနည်းကူညီပြီး ထိန်းပေးသင့်တယ်။

**ဒေါ်ခင်နွဲ့ (သာကေတမြို့နယ်)**

လွန်ခဲ့တဲ့တစ်ပတ်ကျော်က အရင်ဝယ်စားတဲ့ တောင်ပြန် ၁၂၀၀ ကျပ်က အခု ၁၄၀၀ ဖြစ်သွားပြီ။ ပဲရောဆီ ဆိုလည်း တစ်ပိဿာ ၃၀၀၀ ကျပ် ကနေ ၃၅၀၀ ကျပ်၊ စားအုန်းဆီက ၁၆၀၀ ကျပ်ကနေ ၁၇၀၀ ကျပ်ဖြစ်သွားပြီ။ စီပီကြက်တစ်ပိဿာ ၆၀၀၀ ကျပ် ဈေးကနေ ၇၅၀၀ ကျပ်ဖြစ်သွားပြီ။ ဗမာကြက်က ၇၀၀၀ ကျပ်ကနေ ၈၀၀၀ ကျပ်၊ ဝက်သားက တစ်ပိဿာ ၇၀၀၀ ကနေ ၈၀၀၀ ကျပ်၊ ဘဲဥတစ်လုံး ၁၁၀ ကျပ်ကနေ အခု ၁၃၀ ကျပ်ဖြစ်သွားပြီ။ ကြက်သွန်နီက ပုံမှန်ထက် နည်းနည်းကျပြီး ကြက်သွန်ဖြူက နည်းနည်းတက်သွားပြီ။ ယိုးဒယားပစ္စည်းဖြစ်တဲ့ အချိုမှုန့်က အရင်က အလတ်ထုပ် တစ်ထုပ်ကို ၇၅၀ ကျပ်ကနေ ၈၅၀ ကျပ်ဖြစ်သွားပြီ။ ခြုံပြီးပြောရရင် စားသောက်ကုန်တွေ နည်းနည်းစီ တက်သွားပြီ။ ရေချိုငါးဈေးဆိုလည်း ၁၀ သားကို ၁၀၀၀ အောက် မဆင်းတော့ဘူး။ လစာတိုးမယ့် အသံကြားတော့ ကုန်ဈေးနှုန်းက ထုံးစံအတိုင်း တက်မယ့်ပုံဖြစ်နေပြီ။

**ဒေါ်ရင်နု ( စမ်းချောင်းမြို့နယ်)**

ဈေးတွေမှာ ဂေါ်ဖီပန်းပွင့်(ရှမ်းပန်း) တွေက ဈေးတက်တယ်။ ခရမ်းချဉ်သီးကတော့ ဈေးနည်းနည်းကျသွားတယ်။ ကန်စွန်းရွက်ကတော့ တရုတ်ကန်စွန်းဆိုရင် တစ်စည်းကို ၃၀၀ ကျပ်ဖြစ်နေတယ်။ ငါးမြစ်ချင်းအကောင်ကြီးက ၁၀ သားကို ၅၀၀ ကျပ်နဲ့ အမဲသားဆို ၁၀၀၀ ဈေးဖြစ်နေပြီ။ ဆန်ဈေးနဲ့ သားငါးဈေးကလည်း တက်တယ်။ လစာတိုးမယ်လို့ကြားတိုင်း ဈေးတက်တာဆိုရင်တော့ မဖြစ်သင့်ပါဘူး။ လစာတိုးတယ်ဆိုတာ လူနည်းစုဖြစ်တဲ့ ဝန်ထမ်းတွေလောက်ပဲ၊ ဈေးတက်လို့ ခံစားရတာကတော့ ပြည်သူတွေအကုန်လုံး၊ အထူးသဖြင့် အိမ်ရှင်မတိုင်း စိတ်ညစ်ရတာပေ့ါ။

**ဒေါ်နှင်းနှင်း (သုဝဏ္ဏဈေး၊ ကုန်စုံဆိုင်)**

လက်ရှိမှာ ကော်ဖီမစ်လိုင်းကတော့ မတက်ဘူး။ ဖူဂျီဆပ်ပြာမှုန့်တက်တယ်။ အပိုပေးတဲ့ ၁၅ ဘူးကို မပေးတော့ဘူး။ ဒါကြောင့် အရင်ထက်နည်းနည်းစီတက်ပြီး ရောင်းရတယ်။ နို့ဆီဈေးလည်းတက်တယ်။ ဒေါ်လာနဲ့ ဆက်စပ်တဲ့ ကုန်ပစ္စည်းတွေ အားလုံးနီးပါး နည်းနည်းစီ တက်သွားတယ်။ ပစ္စည်းလာချတဲ့သူတွေကလည်း ဒေါ်လာဈေးမငြိမ်တော့ ပစ္စည်းလာမချတော့ဘူး။ လက်ကျန်ရှိတဲ့ ပစ္စည်းတွေပဲ ဖောက်သည်မိတ်ပျက်မှာစိုးလို့ ရောင်းနေရတယ်။ ကျွန်မတို့က အများကြီးတက်လို့မရဘူးလေ။ ။

## စာဆိုတော်နေ့နှင့် စာပေသက်ကြီးပူဇော်ပွဲကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းက ဦးစီးကျင်းပသည့် ၁၃၇၆ ခုနှစ် စာဆိုတော်နေ့အခမ်းအနားနှင့် စာပေသက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက်နံနက် ၁၀ နာရီက မြို့နယ်စာရေးဆရာအသင်းရုံးခန်းမရှိရာ ပျဉ်းမနားဈေးကြီး အပေါ်ထပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာဆိုတော်နေ့ အခမ်းအနားတွင် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမြင့်လွင်( ကဗျာဆရာ စံကောင်း)၊ အသင်းနာယက ဦးကျော်ရှင်း(စာရေးဆရာ သုတကျော်) တို့က အမှာစကားပြောကြားခဲ့ပြီး စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်မင်း (စာရေးဆရာ ကိုကြီးကျော်) က ဖတ်ကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ စာပေသက်ကြီးပူဇော်ပွဲကို ကျင်းပရာ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်း နာယကကြီး ငါးဦးနှင့် အသက်(၇၅) နှစ် အထက် စာရေးဆရာကြီး နှစ်ဦးအား အသင်းမှ ကန်တော့ပစ္စည်းများ အပြင် အသင်းဝင် ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ကျော်ကျော် (စာရေးဆရာ စေးလားနွယ်)က ထပ်ဆောင်းငွေသားများဖြင့် ပေးအပ်ကန်တော့ခဲ့ကြသည်။ ထို့နောက် ကန်တော့ခံစာရေးဆရာကြီးများကိုယ်စား အသင်းနာယက စာရေးဆရာကြီး ဦးသိန်းထိုက်အောင် (ကဗျာဆရာ မာန်သွေးသစ်မင်း) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

**ဦးကျော်(ပျဉ်းမနား)**




BMW EfficientDynamics
Less consumption. More driving pleasure.
Sheer Driving Pleasure
The all-new BMW X4
THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.
THE ALL-NEW BMW X4, NOW IN MYANMAR.
Put your mind at ease with the BMW Service Inclusive (3-years Warranty & Maintenance package) and 1-year Comprehensive Motor Insurance.
To view the cars please visit : #485, Corner of Pyay Road and Namattaw Street, Kamayut Township, Yangon, Myanmar.
Contact : +95 (1) 2306133, +95 (9) 8633 209 or email : info@pac-bmw.com Facebook : www.facebook.com/BMWPAC
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

## ကျောင်းသုံးပရိဘောဂများ ပေးအပ်လှူဒါန်းပွဲ မိုးနဲအ.ထ.က၌ကျင်းပ

**မိုးနဲ၊ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများက လှူဒါန်းသော ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မိုးနဲ အ. ထ. က ကျောင်းအတွက် စာရေးခုံရှည် ၅၀ စုံ၊ စာရေးခုံတို ၃၀ ခု၊ အံဆွဲပါစားပွဲ ၁၀ လုံး၊ နောက်မှီ ကုလားထိုင် ၅၀ လုံးကိုလည်းကောင်း ဆိုင်းဖယ်ကျေးရွာ အ. မ. ကကျောင်းအတွက် စာရေးခုံရှည်ငါးစုံနှင့် ပေါ့မိုင်း အ. မ. က ကျောင်းအတွက် ခန်းဖွဲ့ပစ္စည်းများကို အဝေးရောက် အလှူရှင်များကိုယ်စား ကျောင်းသားဟောင်း စိုင်းနေလင်းထက်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်စိန်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင်များလှူဒါန်းသော ကျောင်းသုံးပရိဘောဂများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၂၂၃၇၀ ဖြစ်ကြောင်းသိရသည်။

မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးကြည်တို့က အဖွင့်အမှာစကားများပြောကြားကြပြီး အဝေးရောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားဟောင်း မောင်စိုင်းနေလင်းထက်က ပရိဘောဂများလှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရိဘောဂအလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(၆၆၁)**

# မကွေးမြို့၌ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲ ကျင်းပ



**မကွေး၊ နိုဝင်ဘာ ၂၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ စီစဉ်ပြုလုပ်သော အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း) အပေါ် အကြံပြုဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီ က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းလမ်းပေါ်ရှိ မကွေးမြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြား၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က အမျိုးသား မြေအသုံးချရေး မူဝါဒ(မူကြမ်း) အား ရှင်းလင်းပြောကြားခြင်း၊ ဆွေးနွေးပွဲတက်ရောက်လာသူများမှ မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းသစ်တော၊ စိမ်းစိုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ သစ်လုပ်ငန်းရှင်များ၊ ပခုက္ကူခရိုင်၊ မကွေးခရိုင်၊ မင်းဘူးခရိုင်တို့မှ CF(Community Forestry) ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်သူများအဖွဲ့မှ အဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း အင်အား ၂၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**ဧယျတု(မကွေး)**

# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ လွှဲပြောင်းပေးအပ်



**ရေး၊ နိုဝင်ဘာ ၂၂**

SDC မှ ဆောက်လုပ်လှူဒါန်းသည့် မွန်ပြည်နယ် ရေးမြို့နယ် မွန်ပြည်သစ်ဒေသအတွင်းရှိ ကျောက်မိချောင်းကျေးရွာအုပ်စု ဝယ်စင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ပင်မဆောင်(၃၆ ပေ × ၃၆ ပေ) နားနေဆောင်(၃၆ ပေ×၁၀ ပေ) ပင်မဆောင်နှင့် နားနေဆောင်ကြား လျှောက်လမ်း(၂၀ ပေ× ၇ ပေ) မီးစက်ဆောင်(၁၀ ပေ × ၁၀ ပေ) တို့ကို နိုဝင်ဘာ၂၀ ရက်က ကျေးရွာသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံနှင့် အတူ ဆေးခန်းသုံး ပရိဘောဂများ ဆေးခန်းသုံး ကိရိယာများကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးဌာနနှင့် ကျေးရွာသို့ လွှဲပြောင်းပေးအပ်ရာတွင် ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC)မှ ကိုယ်စားလှယ် Mark Haeussermann Programme Manager SDC (Mawlamyine) Field Office) က လွှဲပြောင်းပေးအပ်ကာ ကျေးရွာကော်မတီမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံ အမျိုးအစားမှာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံဖြစ်ပြီး အမိုး 4 Angle 0.4 mm Colour Roofing Sheet အကာ ၉. /၄၁/၂. အုတ်စီနံရံ အခင်းကွန်ကရစ် RC သံကူကွန်ကရစ်ဖြစ်ပြီး ငွေကျပ် ၈၁၃၇၀၀၀၀ အကုန်ကျခံကာ Ben Thein Construction Co.,Ltd. မှ တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း သိရသည်။

တည်ဆောက်ရေး လုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက် မှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်အထိ အပြီးတည်ဆောက်ခဲ့ကြောင်း သိရသည် ။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲ တွင် ရေးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကော်မတီလေးရပ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူလူထုများ တက်ရောက်ခဲ့သည်။ **ထွဋ်ထွဋ်(ရေး)**

## ကျွန်းလှမြို့နယ် တပူတောကျေးရွာ အ.လ.က ခွဲ၌ အာဟာရတိုက်ကျွေး

**ကျွန်းလှ၊ နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တပူတောကျေးရွာ အ. လ. က(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများအား နိုဝင်ဘာ၂၀ ရက် နံနက်က အာဟာရ ကြက်သား ဆန်ပြုတ် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အာဟာရတိုက်ကျွေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်ရည်ရွယ်၍ကျွေးခြင်းဖြစ်ကြောင်း အလှူရှင်ကပြောသည်။

အလှူရှင်ဦးမောင်ချို-ဒေါ်တင်မိုးခိုင် မိသားစုတို့က ကျောင်းသား၊ ကျောင်းသူ ၂၁၂ တို့အား အာဟာရ ကြက်သားဆန်ပြုတ် တိုက်ကျွေးခဲ့ကြသည်။ **မျိုးဝင်းညို(ကျွန်းလှ)**


### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်း၊ အမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်ကေသီလှိုး(ခ)အမ်းမာနင်မ် [၁၂/လမတ(နိုင်)၀၁၇၂၆၇]မှ | ဒေါ်ဘောမ်လုံ [၁၂/လမတ(နိုင်)၀၁၄၁၅၀] | တိုက်အမှတ်(၄၆)၊ အခန်းအမှတ်(၂၄)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်း၊ အမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်အေးမြင့် ISN -၁၆၀၇၃၃ [၁၂/လမန(နိုင်)၀၁၈၀၁၈] | ဒေါ်ခင်ငြိမ်းနု [၁၂/မရက(နိုင်)၀၉၈၁၈၁] | တိုက်အမှတ်(၇)၊ အခန်းအမှတ် (၂၇)၊ ဒေင်အိမ်ရာ၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈/၂၊ မြေကွက်အမှတ်-၁၃၀၆၊ မြေကွက် တည်နေရာအမှတ် (၁၃၀၆)၊(၁၆၈/၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ [ဗိုလ်ကြီးခင်ဦး (ငြိမ်း)] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်ကြီးခင်ဦး(ငြိမ်း) ထံမှ မေတ္တာဖြင့်ပေးကမ်းစာချုပ် ဖြင့်ရရှိသူ ဒေါ်မူမူထွန်း[၁၂/လမန(နိုင်)၁၁၃၀၇၉]မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း


ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ဓမ္မရတနာလမ်းနှင့် အောင်မြေသာယာဘုရားလမ်းထောင့်၊ အမှတ်(၃၉၅)နေ ဒေါ်မြင့်မြင့်မော်၏သမီးဖြစ်သူ မနွေးနန္ဒာရှိုင်း [၈/ခမန(နိုင်)၁၅၁၇၀၆] သည် ၁၅-၁၁-၂၀၁၄ (စနေနေ့) ရုံးဆင်းချိန် (၅)နာရီမှစ၍ ကျွန်မ မိခင်ဒေါ်မြင့်မြင့်မော်၏ နေအိမ်သို့ ပြန်ရောက်မလာဘဲ မိဘညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူဆောင်ရွက်သွားပါဖြင့် ၁၅-၁၁-၂၀၁၄ ညနေ(၅)နာရီနောက်ပိုင်းဖြစ်ဖြစ်သမျှ ကိစ္စအဝဝနှင့်ပတ်သက်၍ ကျွန်မ ဒေါ်မြင့်မြင့်မော်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်မ ပိုင်ဆိုင်သည့် ပစ္စည်းများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)


(မိခင်)ဒေါ်မြင့်မြင့်မော်[၈/ရနခ(နိုင်)၀၀၈၇၁၁]


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်-၁၁၀၊ (၃)လွှာ (ညာ)ဟုခေါ်တွင်သော အလျား ၁၅ပေ၊ နံ ပေ ၄၀ရှိ တိုက်ခန်းကို ဒေါ်ချိုချိုမြင့် [၁၂/ပဇတ(နိုင်) ၀၀၃၉၉၄]မှ အပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုမြင့်
[၁၂/ပဇတ(နိုင်)၀၀၃၉၉၄]
အမှတ် (၃၉-C)၊ မြေညီ၊ ကျိုက်တော်လမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၉-၂၅၃၀၄၀၀၄၉၊
၀၉-၇၃၀၃၁၇၄၄







# သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ တစ်နှစ်ပြည့် ကျင်းပ

**ရန်ကုန်၊ နိုဝင်ဘာ ၂၂**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် (၆၄) ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၏ တစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါ ဂေဟာ ဧည့်ခန်းမတွင် အဘိုး၊ အဘွား ၇၅ ဦးနှင့် လူမှုဝန်ထမ်းများက ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာမှ အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ကေသီကျော်က တစ်နှစ်ပြည့် အခမ်းအနား အဖွင့်အမှာစကား ပြောကြားရာတွင် “မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အို ဦးရေမှာ စုစုပေါင်း လူဦးရေ၏ ၉ ဒသမ ၁ ရာခိုင် နှုန်းဝန်းကျင်ရှိသည်ဟု ခန့်မှန်းထားကြောင်း၊ လူဦးရေအချိုးအစားအရ လူကိုးဦးတွင် သက်ကြီးရွယ်အို တစ်ဦးပါဝင်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးဆိုင်ရာ လုံခြုံမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီးပွားရေးကဏ္ဍစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြိုးပမ်းနေသလို၊ မြန်မာနိုင်ငံတွင်လည်း လူမှုရေးအကူအညီပေးရေးဆိုင်ရာ လုပ်ငန်းအဖြစ် သတ်မှတ်ပြီး သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် အထီးကျန်ခြင်းကို ရင်ဆိုင်နေရသည့် သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်မှုပေးခြင်းသည် အလွန်အရေးကြီးကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ ဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်၍ လူမှုဝန်ထမ်း စိတ်ဓာတ်ဖြင့် လူတိုင်း ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ဂေဟာဖွင့်ရက်တိုင်း အစဉ်လာရောက်လေ့ရှိသော အသက် ၈၄ နှစ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း နာယက အဘိုး ဦးအုန်းမြင့် ကလောင်အမည် (ဇဝနလုလင်)က ကိုယ်တိုင်ရေးစပ်သီကုံးထားသော သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ ဂုဏ်ပြုမော်ကွန်းရတုကို ကိုယ်တိုင်ဖတ်ကြားဂုဏ်ပြုခဲ့သည်။

ယင်းနောက် အဘိုးဦးလှမြင့်နှင့် အဘွားဒေါ်ပြုံးတို့ကလည်း ယခုကဲ့သို့ နေ့ပိုင်းပြုစုစောင့်ရှောက်ပေးမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကား ပြောကြားသည်။ ဆက်လက်၍ တစ်နှစ်ပတ်လုံး ရက်ပျက်မရှိ တာဝန်ထမ်းဆောင်သူ ဝန်ထမ်းအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။



အဆိုပါ သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်မှ လာရောက်သော အဘိုး၊ အဘွား ၁၂၉ ဦး စာရင်းပေးသွင်းပြီး နေ့စဉ် ဘိုးဘွား ၇၀၊ ၇၅ ဦးခန့် လာရောက်စောင့်ရှောက်မှု ခံယူလျက်ရှိရာ ဂေဟာမှ နေ့လည်စာ ထမင်းကျွေးပြီး လက်ဖက်ရည်၊ ကော်ဖီ၊ မိုင်လို၊ အိုဗာတင်း၊ မုန့် နှစ်ကြိမ်တိုက်ကျွေးပေးသည်။

ရုံးပိတ်ရက်မှအပ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၃၀ မိနစ်အထိ နေ့ပိုင်းစောင့်ရှောက်မှုပေးလျက်ရှိရာ ဝေဒနာခံစားမှုမရှိသည့် လူမှုရေးအထီးကျန်ဖြစ်နေသူ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ စောင့်ရှောက်မှုခံယူလိုခြင်းနှင့် လှူဒါန်းမှု ပြုလိုပါက ဖုန်း ၀၁-၆၅၇၉၁၄ နှင့် ၀၁-၆၅၇၀၁၃ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# စာဖတ်စွမ်းရည်မြင့်မားစေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျွန်းလှတွင် ပြုလုပ်



**ကျွန်းလှ၊ နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအဖြစ် ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရေး စာပေလေ့လာဖတ်ရှုသည့် အလေ့အထရှိရေး စာဖတ်စွမ်းရည် မြင့်မားစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက နိုဝင်ဘာ ၂၀ ရက်က စာဖတ်စွမ်းရည်ပြိုင်ပွဲကို အင်လှကျေးရွာ ‘သုတရတနာ’ စာကြည့်တိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ ကျေးရွာစာကြည့်တိုက်ကို နေတိုင်း အလှည့်ကျ စာကြည့်တိုက်မှူးတွေက တာဝန်ယူ ဖွင့်လှစ်ပေးပါတယ်။ စာကြည့်တိုက်က ကျောင်းနဲ့နီးလို့ ကျောင်းသား၊ ကျောင်းသူတွေ နေ့တိုင်းလာလို့ဖတ်ကြတယ်။ ကျေးရွာသားတွေကတော့ ညနေ အလုပ်သိမ်းချိန်ကျမှ ဖတ်ကြပါတယ်။

“နောင်မှာ ကျောင်းသား၊ ကျောင်းသူတွေ စာဖတ်တဲ့အလေ့အထရှိအောင် ကျေးရွာ တာဝန်ရှိသူတွေနဲ့တိုင်ပင်ပြီး ယခုလို စာဖတ်စွမ်းရည်ပြိုင်ပွဲတွေကို ပြုလုပ်သွားမှာဖြစ်ပါတယ်” ဟု ကျေးရွာစာကြည့်တိုက်မှူးတစ်ဦးက ပြောသည်။

ယင်းနေ့ကပြုလုပ်သော အဆိုပါစာဖတ်စွမ်းရည်ပြိုင်ပွဲတွင်သတ္တမတန်း ကျောင်းသား၊ ကျောင်းသူများအား သုတ၊ ရသ၊ ဂျာနယ်မျိုးစုံနှင့်သတင်းစာတို့ကို ဖတ်ရှုစေပြီး အာဆီယံအကြောင်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ယှဉ်ပြိုင်ကြရာ ဆုရရှိသူ အသီးသီးအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စေတနာရှင်များ သွေးလှူနိုင်ရန် ထီးလင်းတွင် သွေးအုပ်စု ခွဲခြားစစ်ဆေး

**ထီးလင်း၊ နိုဝင်ဘာ ၂၂**


ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ် ထန်းပင်ကုန်းရွာနေ စေတနာရှင် ၁၅ ဦးနှင့် ထလင်းကျေးရွာနေ စေတနာရှင် ၅၂ ဦးတို့သည် နိုဝင်ဘာ ၁၅ ရက်က ထီးလင်းမြို့ ပြည်သူ့ဆေးရုံတွင် သွေးအုပ်စုခွဲခြားသိရှိနိုင်ရေးအတွက် သွေးစစ်ဆေးမှုခံယူခဲ့ကြောင်း သိရသည်။

ယင်းသို့ သွေးစစ်ဆေးမှု လာရောက်ခံယူခြင်းသည် ထီးလင်းမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသကြသည့်လူနာများအနက် သွေးသွင်းကုသရန်လိုအပ်သူများ လိုအပ်မည့် သွေးအမျိုးအစားအလိုက်အလွယ်တကူရရှိနိုင်စေရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းလိုသူ စေတနာရှင်များအား ထီးလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်ပိုနှင့် ကျန်းမာရေးဌာန ဝန်ထမ်းများက ဝမ်းမြောက်ဝမ်းသာကြိုဆို၍ သွေးအုပ်စုခွဲခြားစိစစ်ပေးခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုများပါ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(၄၆၅)**





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ကြည်စု)၊ မြေကွက်အမှတ်(၂၅၄)၊ မြေကွက်တည်နေရာအမှတ်(၂၅၄) ဘုရားလမ်း (၂)လမ်း၊ ကြည်စု ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအေးဟန်[၁၂/ဒပန(နိုင်)၀၁၅၆၂၄]၊ ဦးစိုးပိုင်[၁၂/ဒပန(နိုင်)၀၁၃၈၆၆]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအေးဟန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်မြင့်[၁၂/ဒပန(နိုင်)၀၁၅၆၂၅]နှင့် ကျန်အမည်ပေါက် ဦးစိုးပိုင်ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ-၆၈၂၉/၁၄၊ ၅-၃-၂၀၁၄ဖြင့် ရရှိသူ ဦးအီစွတ်(ခ)မျိုးမင်းဦး[၁၂/မဂတ (နိုင်)၀၈၆၃၄၄]တို့ ပူးတွဲလျက် ကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မြေကွက်ရောင်းမည်

ခတ္တာလမ်းနှင့် ငုဝါလမ်းထောင့်၊
ညဏရပ်ကွက်၊ ပုလဲ
မင်္ဂလာဒုံမြို့နယ်၊
ပေ (၁၄၀×၁၄၀)ပါမစ်မြေ
ပွဲစားမလို
Ph: 09-5032972

## ဂရန်မူရင်းအားပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၀၉၉+၃၁၀၀)၊ မြေကွက်တည်နေရာအမှတ်-၃၀၉၉+၃၁၀၀၊ ကျန်စစ်သားရပ်ကွက်၊ ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့်[၁၂/လသန(နိုင်)၀၁၉၃၀၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



# မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ရင်ပြင်တွင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားသူများပြားလာ

**မန္တလေး၊ နိုဝင်ဘာ ၂၂**

ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေ အမြင့်တွင်ရှိသော မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ရင်ပြင်တော်တွင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနေသော ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုများလာသောကြောင့် အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

မန္တလေးတောင်ကို ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဆေးဒန်းတောင်၊ မြင်းသီလာတောင်၊ ဒုတ္တာတောင်၊ ရေလှည့်တောင်၊ ကြေးနီတောင်၊ ဘီးလူးမတောင်ဟု အမည်တွင်သော တောင်ကိုလုံးတို့ ဝိုင်းရံရစ်ပတ် စုပေါင်းတည်နေသောကြောင့် လာရောက်သူများ သဘာဝအလှကို ကြည့်ရှုခံစားရင်း စိတ်ကြည်လင်ရွှင်ပျရာ နေရာဖြစ်သောကြောင့် မဏ္ဍလေးတောင်” ဟု ခေါ်သည်။

“မန္တလေးတောင်ကို ယခုရက်ပိုင်း နိုင်ငံခြားသား ခရီးသည်တွေလာတာ တစ်နေ့ထက်တစ်နေ့ ပိုများလာတယ်။

‘နေ့စဉ် ၂၀၀ လောက်ရှိမယ်။ ထိုင်းနိုင်ငံသားတွေနဲ့ တရုတ်နိုင်ငံသားတွေဆိုရင် ထိုင်းငွေ၊ တရုတ်ငွေတွေကို အလှူခံပုံးတွေထဲ ထည့်ဝင်လှူဒါန်းကြတယ်။ နိုင်ငံခြားသားတွေက ညနေပိုင်းနေဝင်ဆည်းဆာချိန်မှာ လာတာ ပိုများတယ်” ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်မွေတော်လေးမျိုးတည်ရှိရာ မန္တလေးတောင်ကို ရှေးမင်းအဆက်ဆက်တို့က တည်ထားကိုးကွယ်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် (၁၀၁) ခုနှစ်တွင် ဒွတ္တပေါင်မင်း၊ သက္ကရာဇ်(၃၆၄) ခုနှစ်တွင် အနော်ရထာမင်း၊ သက္ကရာဇ်(၈၃၀) ခုနှစ်တွင် မင်းကြီးမဟာသီဟသူ၊ သက္ကရာဇ်(၁၁၆၇)ခုနှစ်တွင် အိမ်ရှေ့မဟာဥပရာဇာမင်း၊ သက္ကရာဇ် (၁၁၈၁)ခုနှစ် တွင် မှန်နန်းရှင်မင်းတရားကြီးနှင့် သက္ကရာဇ်(၁၂၂၁) ခုနှစ် တွင် မင်းတုန်းမင်းတရားကြီးတို့က တည်ထားကိုးကွယ်ခဲ့ကြသည်။

မြန်မာသက္ကရာဇ်(၁၂၆၉) ခုနှစ် တွင် ရသေ့ကြီးဦးခန္တီသည် မန္တလေးတောင်သို့ စတင်ရောက်ရှိပြီး၊ ရှေးမင်းများ အဆက်ဆက်ဆောက်လုပ်လှူဒါန်းခဲ့သော သာသနိကအဆောက်အအုံများကို သစ်သားမဖက်၊ သံ၊ အုတ်၊ အင်္ဂတေတို့ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း**

# မိုင်းဆတ်၌ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်လှစ်

**မိုင်းဆတ်၊ နိုဝင်ဘာ ၂၂**

ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေး အန္တရာယ်ကျရောက်သည့်အခါ နိုင်ငံတော်၏ အရန်အင်အားအနေဖြင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် မိုင်းဆတ်မြို့နယ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံမီးသတ် သင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြို့သစ်၊ ဟိုနား၊ ဝိန်းနေ၊ ဆိုက်ခေါင်နှင့် ကောင်းမှုတန်ကျေးရွာအုပ်စုတို့မှ သင်တန်းသား ၁၀၀ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်သောင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းတို့က ဝတ်စုံများထောက်ပံ့ပေးအပ်ခဲ့သည်။

**ခရိုင်ပြန်/ဆက်**

# ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးသော မျိုးသစ်စံကွက်မှ တင်း ၁၂၀ ထွက်ရှိ



**ဘိုကလေး၊ နိုဝင်ဘာ ၂၂**

ဖျာပုံခရိုင်နှင့် ဘိုကလေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များက ကြီးမှူးကျင်းပသော ဘိုကလေးမြို့နယ်တွင် ဂျီအေပီစိုက်ပျိုးရေးစနစ်နှင့်အညီ စိုက်ပျိုးခဲ့သော မျိုးသစ်ရွှေပြည်ငွေး စပါးအား မိုးစပါးစံကွက် ရိတ်သိမ်းအထွက်နှုန်းရယူပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာ ကွင်းအမှတ် ၆၇၀၊ ဦးပိုင်အမှတ် ၇၂ ရှိ စံပြတောင်သူ ဦးစံသောင်း၏ မျိုးသစ်ရွှေပြည်ငွေးစပါးစိုက်ကွင်း၌ ကျင်းပခဲ့ရာ တစ်ဧကလျှင် စပါးအခြောက်တင်း ၁၂၀ နှုန်း ထွက်ရှိကြောင်းသိရသည်။


စံကွက်ရိတ်သိမ်းပွဲအပြီးတွင် သာပေါင်းကျေးရွာအုပ်စုအတွင်းရှိ သာပေါင်း၊ သပြုကျွန်းနှင့် ညီနောင်ဝကျေးရွာများမှ လေ့လာရေးတောင်သူများနှင့် တွေ့ဆုံပွဲတွင် ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက မျိုးသစ်ရွှေပြည်ငွေးစပါးမျိုးသည် မျိုးကွဲလေးကြိမ်ပယ်ပြီး အထွက်နှုန်းကောင်းသော မျိုးသန့်၊ မျိုးစေ့စပါးမျိုးဖြစ်၍ တောင်သူများအနေဖြင့် လာမည့်နှစ်တွင် ဆက်လက်စိုက်ပျိုးကြရန်ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်သန်းက မျိုးသစ်ရွှေပြည်ငွေးစပါးကို မြေပြင်သည်မှ ရိတ်သိမ်းချိန်အထိ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ကြရန်ကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

**မော်ကျွန်းမြင့်အောင်**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော်အောင်ကိုကို ကိုင်ဆောင်သော ဒုစက်ခန်းအုပ်လက်မှတ် စမဒ-၂၃/၂၀၁၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၄၉၇၂၂၀၂

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-အေ/ကံဘဲ့)၊ မြေကွက်အမှတ် (၂/B၂-ဃJ)၊ မြေကွက်တည်နေရာအမှတ်(၂၈၈)၊ ပန်းပင်ကုန်း၊ မစိုးရိမ်ကျောင်းလမ်းသွယ်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမြတ်သိန်း၊ ဒေါ်ကြည်ကြည် အမည်ပေါက်(B-၃/ခ)ရပြီး အမည်ပေါက်များထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးသန်းဝင်း၊ ဒေါ်အေးစန်းရီတို့မှ (တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂၈/၂၀၁၄ဖြင့် ဦးမြတ်သိန်း၊ ဒေါ်ကြည်ကြည်တို့အား (တရားပြိုင်)ထားရှိပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုများမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၁၁၆/၂၀၁၄ဖြင့် တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်စောယုမွန်[၁၂/သကတ(နိုင်)၁၄၅၃၁၇]ဘီလစ်၊ ဒုတိယဦးစီးမှူးမှ တရားရုံးဒီကရီအထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၆၅/က၊ မြေကွက်တည်နေရာအမှတ်-၅၆၅၊ စာဂုလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကံမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်(ဦးကံမြင့်)၊ မိခင်(ဒေါ်ညို)တို့ ကွယ်လွန်သဖြင့် ဒေါ်နွဲ့(ခ)ဒေါ်မြမြနွဲ့[၁၂/ပဇတ(နိုင်)၀၁၂၁၁၈]၊ ဒေါ်သွဲ့[၁၂/ဥကတ(နိုင်)၀၄၂၃၂၃]၊ ဒေါ်မာမာအေး[၁၄/ဘတလ(နိုင်)၀၃၃၀၃၈]၊ ဦးအောင်မိုး[၁၂/လမန(နိုင်)၀၁၆၅၅၄]၊ ဦးသိန်းဇော်[၁၂/ဥကတ(နိုင်)၀၄၂၂၅၈]၊ ဦးမြင့်အောင်[၁၂/ဥကတ(နိုင်)၀၄၂၁၈၁]၊ ဦးစိုးလင်း[၁၂/မဂတ(နိုင်)၀၆၆၉၄၃] သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ ၎င်းတို့အားလုံး၏ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၃၉၄/၁၇-၆-၁၄၊ ၁၆၃၉၅/၁၇-၆-၁၄ဖြင့်ရသူ ဦးသိန်းဇော်[၁၂/ဥကတ(နိုင်)၀၄၂၂၅၈]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၄၀၄၄/၂၉-၇-၁၄ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**ဂရန်မူရင်းအားပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း**
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄E၊ မြေကွက်အမှတ်-(၁၁၉)၊ မြေကွက်တည်နေရာအမှတ်(၈၂)၊ (၁၆၄)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ဒေါ်ခင်မျိုးဆွေ အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မျိုးဆွေ[၁၂/တမန(နိုင်)၀၄၅၇၆၈]ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါ၍ မူလထုတ်ပေးခဲ့သည့် ဒေါ်ခင်မျိုးဆွေ အမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ် ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၃၇၀)၊ မြေကွက်တည်နေရာအမှတ်(၃၇၀)၊ ၁၄ လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (၁) ဒေါ်အေးရီ၊ (၂) ဒေါ်ငွေးငွေးကြည်၊ (၃) ဒေါ်ထွေးရီ၊ (၄) ဦးအောင်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးရီနှင့် ဒေါ်ငွေးငွေးကြည်တို့ အပျိုကြီးဘဝဖြင့်(ကွယ်လွန်)၍ ကျန်အမည်ပေါက်နှစ်ဦးဖြစ်သူ ဦးအောင်မြင့်[၁၂/ဥကတ(နိုင်)၁၁၆၉၆၅]နှင့် ဒေါ်ထွေးရီ[၁၂/ဥကတ(နိုင်)၁၁၈၈၅၇]တို့က မောင်နှမအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





**လူပျောက်ကြော်ငြာ**
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဝေပုလ္လ (၂)လမ်း၊ အမှတ်(၃၃၂/က)နေ ဦးအောင်နိုင်-ဒေါ်မြင့်မြင့်သူတို့၏သား အထက်ပါဓာတ်ပုံရှင် မောင်ထက်ကိုကိုအောင် အသက်(၁၄)နှစ်သည် ၁၀-၁၁-၂၀၁၄ရက် နံနက် ၆း၃၀ နာရီခန့်က ကျောင်းသွားရင်း နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၂၅၃၂၈၀၆၈၃၊ ၀၉-၂၅၅၇၈၀၆၈၄၊၀၉-၂၅၃၇၁၁၇၈၆

**ခွေးရောင်းမည်**
Rottweiller - ၂လ
Pomeranian - ၂-လ
Tea Cup Shih-Tzu - ၃-လ
ဖုန်း-၀၉-၄၂၀၂၆၇၁၄၈

အတွေးအမြင်

# ကြေးမုံပြင်ကဲ့သို့ကြည့်ပါ

à aeZmZmxG(alu;r)kd

လူတို့သည် သိတတ်စအရွယ်ကပင် မိမိ တစ်ကိုယ်ရေအတွက် ပြင်ဆင်လိမ်းခြယ် ကြရသည်။လူရယ်လို့ ဖြစ်လာလျှင်ပင် လူမှုအသိုင်းအဝိုင်းအတွင်း ကြည့်ကောင်းရှုပျော်ဖြစ်စေရန် ပြင်ဆင်နေထိုင်ကြရသည်။ မိမိတို့၏ ရုပ်ဆင်းသဏ္ဌာန်ကို ပြင်ဆင်လိမ်းဖီးရန် မှန်ကို ကြည့်ကြရသည်။ မိမိတို့၏ ရုပ်သဏ္ဌာန်ကို မြင်နိုင်ရန် ဤမှန်က အထောက်အကူပြုသကဲ့သို့ လူတို့ကလည်း ဤမှန်ကိုကြည့်ကာ နေ့စဉ်ပြင်ဆင်ကြရသည်။

လူတို့နေ့စဉ်ကြည့်ရှုနေသည့် ကြေးမုံပြင်ကဲ့သို့ မိမိတို့နေထိုင်ရာ သဘာဝမိခင်မြေကြီးနှင့် တိုက်ရိုက်ပတ်သက်နေသည့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကိုလည်း ကမ္ဘာ့လူသားတို့ ကြည့်ရှုရန် လိုအပ်လာပြီဖြစ်သည်။ ယနေ့တွင် ကမ္ဘာတစ်ဝန်း မုန်တိုင်းကျရောက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်းနှင့် တောမီးလောင်ခြင်းစသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများမှာ တစ်နေ့တခြား တိုးပွားလာလျက်ရှိ သည်။

မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့ နေရသည်။ ၂၀၁၃ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှုအကြိမ် (၃၆၀) ဖြစ်ပွားခဲ့ပြီး ဘေးဒဏ်သင့် ပြည်သူ တစ်သိန်း ခုနစ်သောင်းကျော်ရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် လူသေဆုံးမှုများ၏ အနိဋ္ဌာရုံများကို အောက်မေ့ဆင်ခြင်ကာ သဘာဝပတ်ဝန်းကျင်ကို ကြေးမုံပြင်ကဲ့သို့ နေ့စဉ်ကြည့်ရှုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို လုပ်ဆောင်သွားကြရန် လိုအပ်နေပြီဖြစ်ပါသည်။

ယနေ့သည် စိုက်ပျိုးစွမ်းအားဖြင့် နိုင်ငံကို တိုးတက်စေရန် စွမ်းဆောင်နေချိန်ဖြစ်ရာ ကောင်းမွန်သော ရာသီဥတုဖြစ်ရန် လိုအပ်လှပေသည်။ သို့သော် နိုင်ငံတစ်ဝန်း ရာသီဥတုများ ဖောက်လွဲဖောက်ပြန်ဖြစ်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။ တစ်ဖန် မိုးလိုနေသော တောင်သူများမှာ မိုးခေါင်မှုဒဏ်ကို ခံစားရင်း စိုက်ပျိုးစွမ်းအားပြည့်မီရေးထက် ဝမ်းစာဖူလုံရေးကိုသာ မနည်းအာရုံစိုက် လုပ်ကိုင်နေရသည့် အနေအထားသို့ ရောက်ရှိနေကြသည်။

လူတို့၏ ပယောဂကြောင့် တန်ပြန်သက်ရောက်စေခဲ့သည့် ရာသီဥတု ဖောက်လွဲ ဖောက်ပြန်ပြုမှု၏ အကျိုးရလဒ်များကို လက်ခံမယူဘဲ ဖြေရှင်းရမည့် နည်းလမ်းများကို ရှာကြံကြရ မည်ဖြစ်သည်။ သဘာဝ ဘေးဒဏ်ကျရောက်လာလျှင် ကြိုတင်ကာကွယ်နိုင်ရန်နှင့်သဘာဝဘေး မကျရောက်စေရန် နေ့စဉ်ကြည့်ရှုသည့် ကြေးမုံပြင်ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဝိုင်းဝန်းအဖြေရှာကြရမည်ဖြစ်သည်။

လူသားတို့ရှေ့ဆက်ပြီး မိမိတို့၏ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ပြီး မဆင်မခြင်ပြုမူလုပ်ဆောင်နေဦးမည်ဆိုပါက ကမ္ဘာကြီးအလုံးစုံ ဆိတ်သုဉ်းသွားပေတော့မည်။ ကမ္ဘာမြေကြီး စိမ်းလန်းစိုပြည်စေရန်မှာ လူသားတို့၏ ပြုမူလုပ်ဆောင်ချက်အပေါ်တွင်သာ မူတည်လျက်ရှိပေသည်။ တဒင်္ဂသာယာမှုကို မကြည့်ဘဲ ကမ္ဘာမြေကြီး အစဉ်သာယာစိမ်းလန်းစေဖို့ နိုင်ငံတော်အစိုးရ၊ NGO၊ INGO နှင့် ၅၁သန်းသော ပြည်သူတစ်ရပ်လုံးက သဘာဝပတ်ဝန်းကျင်ကို ကြေးမုံပြင်ကဲ့သို့ နေ့စဉ်ကြည့်ရှု ကာကွယ်ထိန်းသိမ်း သွားကြရမည်ဖြစ်ပါသည်။

## မော်လမြိုင်မြို့အား တတိယမြို့တော်ဖြစ်ရေး ပြည်သူလူထုအခြေပြုကြိုးစားဆောင်ရွက်လျက်ရှိ

**မော်လမြိုင်၊ နိုဝင်ဘာ ၂၂**

မော်လမြိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်က မွန်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူ့ကိုယ်စားပြုအဖွဲ့များ၊ မြို့နယ်ကော်မတီ(၄)ရပ်မှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် မီဒီယာများအား ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်နေသည့် ကုမ္ပဏီများ၏တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာရှင်းလင်းချပြကြပြီး ဆွေးနွေးမေးမြန်းချက်များအား ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ တက်ရောက်ကြပြီး ရပ်ကွက်တစ်ခုချင်းမှ ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများအား သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းပေးခဲ့ပြီး မော်လမြိုင်မြို့အား မြန်မာနိုင်ငံ၏ တတိယမြို့တော်ဖြစ်အောင်ကြိုးစားဆောင်ရွက်မည့် အစီအစဉ်များကိုတက်ရောက်လာသည့်ကိုယ်စားပြုအဖွဲ့များအား ရှင်းလင်းပြောကြားပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်းသတင်းရရှိသည်။

**မောင်မေတ္တာ(ရွှေမြိုင်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကျွန်းလှမြို့နယ်၌ ကျေးလက်နေပြည်သူများရာသီမရွေးသွားလာရေးလွယ်ကူရန် ကျေးရွာချင်းဆက် ချောင်းကူးတံတားများ ဆောက်လုပ်


**ကျွန်းလှ၊ နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာရေး လွယ်ကူရန်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြု ရန်ပုံငွေဖြင့် ကျွဲတဲ-အင်လှ-လိပ်စင်းတောင် ကျေးရွာလမ်းပိုင်းအား လမ်းချဲ့ခြင်း၊ တာပေါင်မြှင့်ခြင်းလုပ်ငန်းနှင့် ကျေးရွာချင်းဆက် ချောင်းကူးတံတားများအား ဒီဇိုင်းမန္တလေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းကူးတံတားများ ဆောက်လုပ်ရာတွင် ကျွဲတဲ-အင်လှ ကျေးရွာကြား ဖုံမွှာချောင်းကိုဖြတ်၍ (အရှည်ပေ ၂၀၀ × အကျယ် ၁၅× အမြင့်၁၄) သံရက်မ၊ အသားခင်းတံတား ဆောက်လုပ်လျက်ရှိကြောင်း ကျွဲတဲ-အင်လှ-လိပ်စင်းတောင် ကျေးရွာကြားလမ်းပိုင်းတွင် အရှည် ၂၀၀ ပေ၊ အရှည် ၁၀၀ ပေ၊ အရှည် ၆၀ ပေ၊ အရှည်ပေ ၄၀ တံတား လေးစင်းနှင့် အရှည် ၁၀ ပေ တံတားငါးစင်းကို ဆောက်လုပ်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေး တာဝန်ခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ သဖန်းဆိပ်ဆည် အနောက်ခြမ်းကျေးရွာမှာ မိုးရာသီဆိုရင် ရေလမ်းကပဲ အားကိုးသွားရတာ။ ကျေးရွာတစ်ရွာနဲ့တစ်ရွာ ကူးရာမှာ ချောင်းတွေကို ဖြတ်ကူးရပါတယ်။ ကျောင်းသားတွေ ဝန်ထမ်းတွေ ကျေးလက်နေ ပြည်သူတွေက ချောင်းရေကျချိန်ကို စောင့်ပြီး သွားလာရပါတယ်။ အခုဆိုရင် ရာသီမရွေး အချိန်မကုန်ဘဲ ကျေးလက်နေပြည်သူတွေ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး အဆင်ပြေမှာ ဖြစ်ပါတယ်" ဟု ကျေးရွာသားတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)-မာန်ပြေ၊ မြေကွက်အမှတ်(၃၀၇/က)၊ မြေကွက်တည်နေရာအမှတ်(၃၀၇/က)၊ မာန်ပြေ(၇)လမ်း၊ ၃ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်လှတင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှတင်(မိခင်)နှင့် ဦးသိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁) ဒေါ်မြင့်မြင့်ကြည်[၁၂/သဃက(နိုင်)၀၃၂၂၈၃]၊ (၂) ဒေါ်တိုးတိုး[၁၂/သဃက(နိုင်)၀၃၀၉၆၁]၊ (၃) ဒေါ်တင်တင်နွယ်[၁၂/သကတ(နိုင်)၀၃၁၃၉၃]၊ (၄) ဒေါ်သိန်းသိန်းဝင်း [၁၂/ သကတ(နိုင်)၁၁၂၃၆၅]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉၇)၊ မြေကွက်အမှတ်(၂၁၁)၊ ဧရိယာ(၁. ၅၁၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၁၁)၊ ရွှေနံ့သာဘားလားသစ်ခွရွာ၊ ရွှေနံ့သာကျေးရွာအုပ်စုရှိ မြေကွက်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဘားလားရွှေနံ့သာသစ်ခွခြံ စိုက်ပျိုး ထုတ်လုပ်ရေး အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဦးဇော်ဝင်း [၁၃/မဖန(နိုင်)၀၀၁၉၂၃]ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးဇော်သူရလင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံလမ်း၊ အခန်း(၁၈)၊ တိုက်(၃၁/အေ)တွင် နေထိုင်သူ ဒေါ်စမ်းနုနုလင်း(ခ) ဒေါ်ဇာနည်[၇/ကဝန(နိုင်)၀၈၅၆၃၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဇော်သူရလင်းသည် အမှတ် (၃၃၁)၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဖုန်းတာဝါတိုင် ဆောက်လုပ်ခြင်းနှင့် ပတ်သက်ပြီး ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ဒေါ်စမ်းနုနုလင်းနှင့် ၇-၁၁-၂၀၁၄ရက်၌ လုပ်ငန်းအပ်နှံခြင်း စာချုပ်ချုပ်ဆိုပြီး နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံလုပ်ကိုင်စေခဲ့ပါသည်။ ဒေါ်စမ်းနုနုလင်းမှ အပ်နှံထားသည့် လုပ်ငန်းအား ကိုယ်တိုင်ကြီးကြပ်စီမံ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ စာချုပ်ပါလုပ်ငန်းစဉ်၏ ပထမအဆင့်လုပ်ငန်း ပြီးစီး၍ ပထမအရစ်လုပ်ငန်းတန်ဖိုးငွေ သတ်မှတ်ချက်၏ (၂၅)ရာခိုင်နှုန်းဖြစ်သော ကျသင့်ငွေ (၂၆၇၀၀၀၀/-)ကျပ်ကို ဦးဇော်သူရလင်းမှ ပေးချေ၍ ဒေါ်စမ်းနုနုလင်းမှ လက်ခံရရှိခဲ့ပါသည်။ သို့သော် ၁၁-၁၁-၂၀၁၄ရက်တွင် ဦးဇော်သူရလင်းမှ ဒေါ်စမ်းနုနုလင်းအား လုပ်ငန်းလုပ်ကိုင်ခြင်းကို အကြောင်းပြချက်မရှိဘဲ နှုတ်ဖြင့် ရပ်ဆိုင်းခိုင်းခဲ့ပြီး မူလကုမ္ပဏီကို ပြန်လည်အပ်နှံမည်ပြောဆို၍ ဒေါ်စမ်းနုနုလင်းမှ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းခဲ့ရပါသည်။ ဦးဇော်သူရလင်းသည် ဒေါ်စမ်းနုနုလင်းအား လုပ်ငန်းရပ်ဆိုင်းရန် ပြောဆိုခဲ့ပြီးနောက် လုပ်ငန်းအား ၎င်း၏ တပည့်လုပ်သားများဖြင့် လာရောက်ဆက်လက်လုပ်ကိုင်နေခဲ့ပါသည်။

ထို့ကြောင့် ဒေါ်စမ်းနုနုလင်းလုပ်ငန်း ရပ်ဆိုင်းခံခဲ့ရသည့် ၁၁-၁၁-၂၀၁၄ရက် နောက်ပိုင်းမှစ၍ ဦးဇော်သူရလင်းမှ လုပ်ငန်းအား ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကြောင်းကိစ္စများအားလုံးသည် ဦးဇော်သူရလင်းနှင့်သာ သက်ဆိုင်ပြီး ၎င်း၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-


| | |
|---|---|
| ဦးရဲကျော်စွာထွန်း | ဦးကျော်ထွန်း |
| အထက်တန်းရှေ့နေ(စဉ်-၃၁၃၉၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၀၅) |

အမှတ်(၆၂)၊ (ပ)ထပ်၊ အခန်း(၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၁၁၁၅၂၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၆၄၇/က၊ မြေကွက်တည်နေရာအမှတ်-၆၄၇/က၊ ပြည်တော်ညွှန့်လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသန်းမြင့်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြသိန်း [၁၂/သကတ(နိုင်)၀၅၆၉၂၂] သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၁၇၃၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၇၃၅/ခ)၊ ရွှေမေတ္တာလမ်း၊ (၁/အနော်မာ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြင့်သိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြင့်သိန်း(ဖခင်)ဒေါ်လှရင် (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဦးနိုင်ဦး[၁၂/သကတ(နိုင်)၁၁၀၄၃၀]၊ ၂။ ဒေါ်ကြည်ကြည်စမ်း[၁၂/သကတ(နိုင်)၁၂၈၇၅၉]၊ ၃။ ဦးခိုင်ဦး[၁၂/သကတ(နိုင်)၁၂၈၇၁၈]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၂၆၃/က)၊ မြေကွက်တည်နေရာအမှတ်(၂၆၃/က)၊ (၆)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစောလွင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း (ဦးစောလွင်)ကွယ်လွန်သဖြင့် ဒေါ်ခင်မြဝင်း[၁၂/ဥကတ(နိုင်)၀၁၅၈၅၂]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြေငြာ

### ဂရန်မူရင်းအား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၃၉၆+၂၃၉၇)၊ မြေကွက်တည်နေရာအမှတ်-၂၃၉၆+၂၃၉၇၊ ကျန်စစ်သားရပ်ကွက်၊ ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့်[၁၂/လသန(နိုင်)၀၁၉၃၀၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဂရန်မူရင်းအား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၁၄၁+၃၁၄၂)၊ မြေကွက်တည်နေရာအမှတ်-၃၁၄၁+၃၁၄၂၊ ကျန်စစ်သားရပ်ကွက်၊ ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့်[၁၂/လသန(နိုင်)၀၁၉၃၀၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဂရန်မူရင်းအား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၄၁၅/ခ)၊ မြေကွက်တည်နေရာအမှတ်-၄၁၅/ခ၊ တပင်ရွှေထီးရပ်ကွက်၊ ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့်[၁၂/လသန(နိုင်)၀၁၉၃၀၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်တျောင်မိကင်(ခ)အေးအေးမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)အနောက်၊ မြေကွက်အမှတ်(၅၀၇)၊ သိင်္ဂီလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဦးစိန်ထွန်း(CA-၀၀၆၉၃၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးစိန်ထွန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်း[၁၂/ဗဟန(နိုင်)၀၈၃၄၆၇]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ROYAL SUN [illegible]

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ ဆွာလေး(ခ)မောင်ရာဇာဝင်း [၁၂/တမန(နိုင်)၀၉၉၈၄၇] ကိုင်ဆောင်သူသည် မိဘများ၏ဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင် အဗ္ဗဒူရာမန်(ခ)ဦးဘဝင်း [၁၂/မဂတ(နိုင်)၀၇၇၀၈၉]**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

(၁) ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂သမိုင်း၊ မြေကွက်အမှတ်-၁၄/က$^{J-A}$၊ ဧရိယာ ၀.၁၂၂ ဧကရှိ မြေပိုင်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များနှင့် (၂)ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂သမိုင်း၊ မြေကွက်အမှတ် ၁၄/က$^{၆}$၊ ဧရိယာ ၀.၂၇၃ ဧကရှိ မြေပိုင်မြေအနက်မှ မခွဲစိတ်ရသေးသော မြောက်ဘက်ခြမ်း အလျား ၇၇ပေ/၉၀ပေနှင့် အနံ ၆၅ ပေ/၅၉ပေရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို အမည်ပေါက် ဦးမောင်မောင်ကြည်[၁၂/မရက(နိုင်)၀၄၄၆၃၉]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေများက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၈၇၁)**
**အမှတ်-၅၆၃၊ (ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### မခင်ချောစုဝေ [၁၂/ပဇတ(နိုင်)၀၃၀၁၆၀] နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၈၈/၄၉၂)နေ မောင်ဝဏ္ဏလင်း[၁၂/ပဘတ(နိုင်)၀၃၁၈၆၇]၏ ညွှန်ကြားချက်အရ ကြေညာလိုက်ပါသည်။

မောင်ဝဏ္ဏလင်းနှင့် မခင်ချောစုဝေတို့သည် ရန်ကုန်မြို့၊ ကလေးသူငယ်တရားရုံး တရားသူကြီးရှေ့မှောက်၌ ၁၈-၅-၂၀၀၉ရက်တွင် ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပါသည်။ မောင်ဝဏ္ဏလင်းသည် နိုင်ငံခြားသို့ သွားရောက်၍ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေစဉ် မခင်ချောစုဝေသည် မောင်ကျော်သန်းစိုးဆိုသူနှင့် လက်ထပ်ပေါင်းသင်းကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ မခင်ချောစုဝေသည် တခြားသူတစ်ဦးနှင့် လက်ထပ်ပြီးချိန်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မောင်ဝဏ္ဏလင်းနှင့် လင်ခန်း မယားခန်းပြတ်စဲသွားပြီးဖြစ်ပါသည်။

မခင်ချောစုဝေသည် နောက်နောင် မောင်ဝဏ္ဏလင်းအား တစ်နည်းနည်းဖြင့် ဆက်သွယ်ခြင်း၊ အနှောင့်အယှက်ပေးခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မောင်ဝဏ္ဏလင်း** | **(ဦးမောင်မောင်သန်း)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၆၅)** |
| | **တိုက်(၂၇၄)၊ အခန်း(၁၅)၊ ရန်ကင်းမြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၇၀၃၃** |

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်မျိုးဟန် (TGO-၁၈၅၄၇၈) ကိုင်ဆောင်သူသည် မိဘများ သဘောမတူညီသည့်အပြုအမူများဖြင့် မိဘများကို စိတ်ဆင်းရဲအောင်ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ)။

**ဖခင် ဦးအဂျစ် [၇/တငန(နိုင်)၁၂၄၄၈၅ ]**

[illegible]

AUNG MIN HEIN

[illegible]

[illegible]

### အများသိစေရန် ကြေညာချက်

[illegible]

### အများသိစေရန် ကြေညာချက်

[illegible]

# အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်အရပ်၊ အမှတ်(၁၁၆)၊ (၃၇)လမ်း၊ (၇၈×၇၉) လမ်းကြားနေ ဦးချမ်းမြ(Octagon International Services Co.,Ltd.)-ဒေါ်အေးအေးသန်း၏မွေးသမီးငယ်၊ ဦးအိုက်ရီ(Cafe House, MDY) ၏ချစ်လှစွာသောဇနီး ဒေါ်ရီရီ အသက်(၇၁)နှစ်သည် ၁၆-၁၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်ကို(ဥက္ကဋ္ဌ)-ဒေါ်ရွှေဥ**
**Eternal Group of Companies**

# (၁)နှစ်ပြည့်လွမ်းဆွတ်အမှျဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ယဉ်နု(Thein Than Oo Offset)

**အသက်(၇၇)နှစ်**

**၂၃-၁၁-၂၀၁၃ မှ ၂၃-၁၁-၂၀၁၄**

မိသားစုရဲ့ ချစ်ခင်လေးစားတန်ဖိုးထားရပါသော ချစ်သောမေမေ ခွဲခွာသွားခဲ့သည်မှာ (၁)နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ နေ့တွေ၊ ရက်တွေ၊ လတွေပြောင်းသွားပေမယ့်လည်း မေမေ့ကို လွမ်းဆွတ်သတိရနေဆဲပါ. . . သားသမီး၊ ဆွေမျိုးနှင့် မိတ်ဆွေအပေါင်းအသင်းတို့အပေါ် ကြင်နာတတ်သော မေမေ. . . .

သားတို့၊ သမီးတို့ နေ့စဉ်ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိနိုင်၍ သာဓုခေါ်ဆိုနိုင်ပါစေ. . . အမျှ. . . အမျှ. . အမျှ. . .

**ခင်ပွန်း** - **ဦးမြင့်ဦး(ခ)ဦးအောင်မြင့်ဦး**
**သားသမီးများ** - **ဦးမင်းမင်းဦး-ဒေါ်သက်နွယ်ဝင်း**
**ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာကျော်**
**ဦးတင်မြင့်ထွေး-ဒေါ်သီဂီဦး**
**ဦးသန့်ဇင်ဦး-ဒေါ်အိမ့်မြတ်မွန်**
**ဒေါ်ဆွေသန္တာဦး**
**မြေးများ** - **အေးသဥ္စာမင်း၊ ဝင်းစည်အောင်၊ အောင်ဇေယျာမင်း၊ မင်းထက်နိုင်အောင်၊ အင်ကြင်းချမ်းမြေ့အောင်၊ ဥက္ကာမင်း၊ အောင်မြင့်မြတ်၊ ကောင်းမြတ်မင်း၊ ဉာဏ်လင်းထက်၊ နှိုင်းထက်ပန်**

## ကျေးဇူးတင်ရှိခြင်း

**ဗိုလ်မှူးစန်းဝင်း(ငြိမ်း)**
**D.S.A အမှတ်စဉ်(၂၃)**
**ဒုတိယအထွေထွေမန်နေဂျာ၊ စက်ရုံများဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း**
**အသက်(၅၆)နှစ်**

၁၁-၁၁-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားသော ဗိုလ်မှူးစန်းဝင်း(ငြိမ်း) နာမကျန်းဖြစ်စဉ် အထူးဂရုတစိုက် ဆေးကုသပေးပါသော ထိုင်းနိုင်ငံ၊ Bangkok မြို့ရှိ Bangkok International Hospital မှ ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး Dr.Chatchai Koowatt၊ ဓါတ်ရောင်ခြည် အထူးကုဆရာဝန်ကြီး Dr.Prasert Lertsanguansinchai နှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ Bumrungrad Hospital မှ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး Dr.Tanawat Jriakulaporn နှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဝိတိုရိယဆေးရုံမှ သမားတော်ကြီး ဒေါက်တာဦးစောအောင်နှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ညီမလေး ဒေါက်တာခင်သင်းမူ(ကင်ဆာရောဂါဌာန-ရန်ကုန်ပြည်သူ့ဆေးရုံ)အားလည်းကောင်း၊ ခင်ပွန်း၏ နောက်ဆုံးခရီးအတွက် စီစဉ်ဆောင်ရွက်ကူညီပေးပါသော မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာရှိ၊ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟ များအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ ဖက်စ်၊ အီးလ်မေးဖြင့် ဝမ်းနည်းကြောင်း ပြောကြားသော ပြည်တွင်းနှင့်နိုင်ငံရပ်ခြားမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ပန်းခွေ၊ ပန်းခြင်းပို့ဆောင်ပေးပါသော မိတ်ဆွေများအားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူဇနီး၊ သန့်သန့်စင်အောင်(မမူ)နှင့်မိသားစု**

## ဖခင်အမည်မှန်

အထက(၂)တောင်ဒဂုံ၊ နဝမတန်း(C)တွင် ပညာသင်ကြားနေသော မဖြိုးဖြိုးစံ ၏ဖခင် အမည်မှန်မှာ ဦးဟန်ဆွေ[၉/ကပတ(နိုင်) ၁၄၀၃၄၆]ဖြစ်ပါကြောင်း။ **ဦးဟန်ဆွေ**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

**ကျေးဇူးရှင်ဖခင်ကြီး ဦးချစ်**

**၂၃-၁၁-၂၀၁၃ - ၂၃-၁၁-၂၀၁၄**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း မိသားစုမှာ တစ်နေ့မှ မေ့မရပါ။ အဖေကြီးအား ရည်စူး၍ နေ့စဉ်၊ လစဉ်နှင့် ယနေ့ တွင်လှူဒါန်းသော တစ်နှစ်ပြည့်ကုသိုလ်အစုစုအား အမျှ အမျှ အမျှ ပေးဝေလှူဒါန်း ပါတယ်။ ကျေးဇူးရှင်ဖခင်ကြီး ရောက်ရှိရာဘုံဘဝမှ သာဓုအနုမောဒနာများကို ဝမ်းမြောက်စွာခေါ်ဆို၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိ ခံစားနိုင်ပါစေ။

**ကျန်ရစ်သူဇနီး ဒေါ်ခင်ညိုထွန်းနှင့် သားသမီးမြေးများ**

## ဝမ်းနည်းကြေကွဲခြင်း

ရဲမှူးချုပ်သိန်းဦး ဒုတိယရဲချုပ်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်ခင်မာဝင်း တို့၏မိခင် ဒေါ်ရင်ရင်မြ အသက်(၈၆)နှစ်သည် ၁၈-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မိသားစု**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/7856 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း ဒလမြို့နယ်၊ တာကြီးရပ်ကွက်

မြေကွက်အမှတ်-၅၄(က)အား ဒေါ်ခင်မျိုးလွင်[၁၂/ဒလန(နိုင်)၀၃၉၀၀၂]မှ မြေချပါမစ် လျှောက်ထားရာ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း အထောက်အထားနှင့်တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပဏ္ဍမြား/တောင်၊ မြေကွက်အမှတ်(၁၇၇)၊ မြေကွက် တည်နေရာအမှတ်(၁၇၇)၊ မေတ္တာလမ်းသွယ်၊ ပဏ္ဍမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် (ဦးကျော်ဆိုင်)အမည် ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးကျော်ကျော်နိုင်[၇/သကန(နိုင်)၀၇၉၁၂၂]က ပါမစ်မူရင်းတွင် မှီခိုသူစာရင်းပါသည့်စာရွက် တင်ပြနိုင်ခြင်းမရှိဘဲ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

[illegible]

## အများသိစေရန် ကြေညာချက်

[illegible]

# လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သာစည်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိမိနှင့်အဖွဲ့ သာစည်မြို့သို့ ရောက်ရှိစဉ် လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး တွေ့ဆုံပွဲသို့ တက်တက်ကြွကြွ တက်ရောက်ပေးကြသည့်အတွက် ဂုဏ်ယူကျေးဇူးတင်ပါကြောင်း၊ မိမိအနေဖြင့် သာစည်မြို့ကို လေ့လာ၍ ဒေသခံပြည်သူများကိုယ်စား ပြောဆိုဆွေးနွေးမှုများကို နားထောင်လိုသည့် ဆန္ဒပြည့်ဝသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်(၅၀)အတွင်း ယခုကဲ့သို့ ဒီမိုကရေစီအခွင့်အရေးရရှိခဲ့ခြင်းမျိုးမရှိခဲ့ပါကြောင်း၊ ယနေ့ကာလသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်နိုင်ဆုံးကာလဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့●**

# ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ



ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်ကြီးများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကန်တော့ခံပစ္စည်းများနှင့် အလှူငွေများကို လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးကျင်းပသည့် ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုက စာနယ်ဇင်းလွတ်လပ်ခွင့်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရရှိခံစားနိုင်ရေး၊ သတင်းမီဒီယာသမားများ၏ လွတ်လပ်စွာလုပ်ငန်းလုပ်ကိုင်ခွင့်ကို အကာအကွယ်ပေးရေး၊ စာနယ်ဇင်းကျင့်ဝတ်များကို မြှင့်တင်ရင်း အင်အားတောင့်တင်းသော စတုတ္ထမဏ္ဍိုင် တည်ဆောက်ရေး၊ သတင်းမီဒီယာသမားများ၏ ခေတ်မီသတင်းပညာလေ့လာဆည်းပူးခွင့်ကို အားပေးမြှင့်တင်ရေး၊ သတင်းမီဒီယာသမားတို့၏ လူမှုဘဝတိုးတက်ရေး၊ သက်သာချောင်ချိရေးကိစ္စများကို ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ သတင်းစာဆရာများနှင့် နိုင်ငံတကာသတင်းစာဆရာများ ချစ်ကြည်ရင်းနှီးမှုကို တိုးချဲ့တည်ဆောက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဆရာကန်တော့ပွဲသည် ကမ္ဘာပေါ်၌ မြန်မာတစ်နိုင်ငံတည်းသာ ကျင်းပပြီး မြန်မာတို့၏ ထူးခြားတုယှဉ်မှုမရှိနိုင်သော ယဉ်ကျေးမှုအမွေအနှစ်စစ်စစ်ဖြစ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ယင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့■**

## ယနေ့မာတိကာ


**ပြည်သူတို့၏ လူမှုဘဝ မြင့်မားတိုးတက်မည်**
စာမျက်နှာ - ၂

**ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်မှု**
စာမျက်နှာ - ၆

**မက်ဆီကို ဘယ်အသင်းဝယ်နိုင်မလဲ**
စာမျက်နှာ - ၁၃


**ယနေ့တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၃၊ ၄၊ ၅ တွင် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ Aptis Test ဖြေဆိုနည်းလမ်းညွှန် ဖော်ပြထားပါသည်။**

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အဖွင့်ပွဲတွင် ဖိလစ်ပိုင် ဂိုးပြတ်နိုင်

သတင်းစာမျက်နှာ - ၈



ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 NOVEMBER 23, SUNDAY

STI
MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250084451, 0931792299
09420254872

ဖွံ့ဖြိုးရေး

# မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် တောင်ပေါ်ဒေသ လေ့လာရေးခရီးစဉ်



မိယာမကျေးရွာအနီးက ကျေးလက်ဒေသစိုက်ခင်းများ။

မြင့်စိုး (နတလ)

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည် (2KR)အစီအစဉ်ဖြင့် နယ်စပ်ဒေသစားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ၁၉၉၅ ခုနှစ်တွင် ဂျပန်ယန်း သန်း ၁၀၀၀၊ ၁၉၉၈ ခုနှစ်တွင် ဂျပန်ယန်း သန်း ၈၀၀ ထောက်ပံ့ပေးခဲ့ရာ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးယန္တရားများ ဝယ်ယူအသုံးပြုခဲ့သည်။ နယ်စပ်ဒေသများတွင် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး အထောက်အကူပြုရန် ဂျပန်နိုင်ငံမှကူညီထောက်ပံ့သော လယ်ယာသုံးပစ္စည်းများကို နယ်စပ်ဒေသအသီးသီးသို့ ပေးပို့ရေးအတွက် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် လမ်းသစ်လမ်းရှိ ပျဉ်းမပင်ပစ္စည်းသိုလှောင်ရုံ၌ ကျင်းပခဲ့ပါသည်။

ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရစ်တစ်ပါတီအစီအစဉ်ဖြင့် ၁၉၉၇ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ တာရွှေထန်၌ ပန်းဂျုံ လေးဧကစမ်းသပ်စိုက်ပျိုးခဲ့ပြီး ၁၉၉၈ခုနှစ်တွင် တောင်သူများအား ပန်းဂျုံစိုက်ပျိုးနည်းများ လက်တွေ့သင်ကြားပြသခဲ့ပါသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ပန်းဂျုံဧကများတိုးချဲ့စိုက်ပျိုးကာ ၂၀၀၀ ပြည့်နှစ်တွင် ပန်းဂျုံ ၁၈ တန်၊ ၂၀၀၁ ခုနှစ်တွင် ပန်းဂျုံ ၅၄ တန်၊ ၂၀၀၂ ခုနှစ်တွင် ပန်းဂျုံ ၅၄ တန်၊ ၂၀၀၃ ခုနှစ်တွင် ပန်းဂျုံ ၇၅ တန်၊ ၂၀၀၄ ခုနှစ်တွင် ပန်းဂျုံ တန် ၉၀ နှင့် ၂၀၀၅ ခုနှစ်တွင် ပန်းဂျုံ ၃၆ တန်တို့အား ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပါသည်။

ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လောက်ကိုင်-ကုန်းကြမ်းလမ်း အဆင့်မြှင့်ဖောက်လုပ်ရေးစီမံကိန်းအတွက် ဂျပန်ယန်း ၅၈၄ သန်း၊ တာရွှေထန်ဒေသရှိ ကြာစီရှူးကျေးရွာ လျှပ်စစ်မီးသွယ်တန်းရေးစီမံကိန်းအတွက် ဂျပန်ယန်း ၂၁၆ သန်း စုစုပေါင်း ဂျပန်ယန်း သန်း ၈၀၀ ထောက်ပံ့ပေးခဲ့ပါသည်။ ကြာစီရှူးကျေးရွာ လျှပ်စစ်မီးသွယ်တန်းရေးစီမံကိန်းအား ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပကာ လောက်ကိုင်-ကုန်းကြမ်းလမ်း လမ်းဖွင့်ပွဲကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍အမေရိကန် ဒေါ်လာ ၃ ဒသမ ၅၄၆ သန်းဖြင့် ကိုးကန့်ဒေသဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ဆင်းရဲချို့တဲ့မှုလျော့ပါးရေး နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအား ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင်လည်း JICA သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ MoU လက်မှတ်ရေးထိုး၍ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၁ သန်းသုံးစွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၈ သို့ » »

## မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့် တောင်ပေါ်ဒေသ လေ့လာရေးခရီးစဉ်

» » ကျောဖုံးမှ

ရှားပါးတိရစ္ဆာန်မျိုးစိတ်များက နှစ်စဉ်ခရီးသွား ဧည့်သည် နှစ်သိန်းကျော်ကိုလာရောက်ရန် ဆွဲဆောင်နိုင်ခဲ့ကြောင်းသိရသည်။ နိုဝင်ဘာ ၉ ရက်တွင် ကျိုတိုမြို့ အော်ဂဲနစ်သီးနှံ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဆက်လက်၍ နိုဝင်ဘာ ၁၀ ရက်တွင် Ritsumeikan တက္ကသိုလ်၌ နိုင်ငံတကာဆက်ဆံရေးဌာနမှ ပါမောက္ခ Mr. Masahiko Matsudaနှင့် မဟာသုတေသနတန်း ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ မိမိတို့ မြန်မာနိုင်ငံ၌ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများက သုတေသနပြုလုပ်ထားသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များကို အပြန်အလှန်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ နိုဝင်ဘာ ၁၁ ရက်တွင်မူ Japan Cooperative General Research Institute သို့ရောက်ရှိကာ အဆိုပါတက္ကသိုလ်မှ တာဝန်ရှိသူများက ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ဆောင်ရွက်နေမှုများ၊ ကျေးရွာလေ့လာရေးခရီးသွားလုပ်ငန်းဆိုင်ရာများ၊ Farmer Market ဖွင့်လှစ်ရောင်းချနေမှုအခြေအနေများ၊ တန်ဖိုးမြှင့်ထုတ်ကုန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို တိုက်ရိုက်အရောင်းဌာနများဖွင့်လှစ်၍ ရောင်းချပေးမှု အခြေအနေများ ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် Toyo တက္ကသိုလ်မှ ပါမောက္ခ Ms. Ikuko Okamotoနှင့်တွေ့ဆုံပြီး ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) ရုံးချုပ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. NAGATOMO NORIAKI ဦးဆောင်သည့် အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးရာတွင် ညွှန်ကြားရေးမှူးချုပ်ဦးထွေးလှက (JICA)မှဆောင်ရွက်ပေးသည့်လုပ်ငန်းများအပေါ် ဒေသခံပြည်သူလူထုမှ အသိအမှတ်ပြု ကျေးဇူးတင်ဝမ်းမြောက်ကြကြောင်း၊ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးမှ အဖွဲ့ဝင်များကလည်း မိမိတို့နယ်မြေအလိုက် (JICA)မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဂျပန်နိုင်ငံ၏ တောင်ပေါ်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ဘဝမြှင့်တင်ရေးလုပ်ငန်းများဆိုင်ရာ လေ့လာရေးခရီးစဉ်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် များစွာအထောက်အကူဖြစ်စေသည့် လေ့လာရေးခရီးစဉ်တစ်ခု ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ကရင်ပြည်နယ်**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အထိမ်းအမှတ်နေ့ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၂**

(၂၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အထိမ်းအမှတ်နေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်နေ့ နံနက် ၉ နာရီ၌ ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘားအံမြို့နယ် မူလတန်းကြိုကျောင်းများမှ ဆရာ ဆရာမများ၊ မူကြိုကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် အထိမ်းအမှတ်နေ့ ပြည်နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ဘားအံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များက ပြည်ထောင်စုရဲ့ ထာဝရအလှသီချင်း၊ လွန်ညစံပြကျေးရွာ၊ ပန်းမမကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းရင်သွေးငယ်များက ကမ္ဘာကြီးကိုဖန်တီးကြပါစို့ သီချင်း၊ မှိုင်းကန်ကျေးရွာကလေးများအဖွဲ့က တွဲလက်များပြဇာတ်များဖြင့် သရုပ်ဖော်တင်ဆက်ကပြဖျော်ဖြေကြပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းနာယက ဒေါ်ညွှန့်ညွှန့်ဝေနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**


**စစ်ကိုင်းတိုင်းဒေသကြီး**

## ရွှေဗန်းမော်ဆိပ်ကမ်း နှစ်ထပ်ရေယာဉ်များဆိုက်ကပ်၍ ကုန်တင်/ကုန်ချနှင့် ခရီးသွားလာမှုအဆင်ပြေ

**ဗန်းမော် နိုဝင်ဘာ ၂၂**

ဧရာဝတီမြစ်ရေကျဆင်းသော်လည်း ဗန်းမော်မြို့ ရွှေဗန်းမော်ဆိပ်ကမ်းတွင် နှစ်ထပ်ရေယာဉ်များ ဆိုက်ကပ်ရပ်နားခြင်းကြောင့် ကုန်တင်/ကုန်ချနှင့် ပြည်သူများ ခရီးသွားလာမှုအဆင်ပြေကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေကျဆင်းပြီး နှစ်ထပ်ရေယာဉ်ကြီးတွေ အရင်က တပ်ကလေးဆိပ်ကမ်းမှာ ဆိုက်ကပ်ရပ်နားကြတယ်။ အခုတော့ မြစ်ရေဆက်လက်ကျဆင်းလို့ တပ်ကလေးဆိပ်ကမ်းကို ရေယာဉ်တွေဆိုက်ကပ်နိုင်မှုမရှိဘဲ ပြည်ကြီးတံခွန် ရေယာဉ်များ၊ နှစ်ထပ်ရေယာဉ်ကြီးများ၊ ကုန်တင်ရေယာဉ်များဟာ အောက်တိုဘာလ နောက်ဆုံးပတ်မှစတင်ပြီး ရွှေဗန်းမော်ဆိပ်ကမ်းမှာ ပြန်လည်ဆိုက်ကပ်ရပ်နားခဲ့တယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။ မန္တလေး-ဗန်းမော် ရေယာဉ်ခရီးစဉ်မှ ပြည်ကြီးတံခွန်ရေယာဉ်များ၊ နှစ်ထပ်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များသည် ရွှေဗန်းမော်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားကြသဖြင့် ကုန်တင်/ကုန်ချနှင့် ရေကြောင်းခရီးသွားပြည်သူများ ခရီးသွားလာမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **နန်းရို(ဥပဒေ)**



**ကချင်ပြည်နယ်**

## ဆန်အိတ်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်မြင်သာကျေးရွာရှိ ပြည်နယ်အတွင်း မူးယစ်ဆေးစွဲသူလူငယ်များ ပြန်လည်ပျိုးထောင်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစခန်းကို ကတ်သလစ်အသင်းတော်မှ တည်ထောင်ဖွင့်လှစ်ထားရှိရာ ၅၁ ဦးရှိနေပြီဖြစ်သည့်အတွက် နေထိုင်စားသောက်မှုအဆင်ပြေစေရေး နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ဆန် ၁၀ အိတ်ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အဆိုပါစခန်းတာဝန်ခံ ဦးမျိုးဆိုင်းနော်ထံပေးအပ်သည်။

ထို့နောက် မူးယစ်ဆေးစွဲလူငယ်များကို အားပေးစကားပြောကြားကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး စခန်းတာဝန်ခံအား လိုအပ်ချက်များနှင့် စပ်လျဉ်း၍ မေးမြန်းဆောင်ရွက်ဆွေးနွေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

**ကရင်ပြည်နယ်**

## ဘားအံမြို့နယ်အတွင်း ရေရရှိရေးလုပ်ငန်းများဆောင်ရွက်

**ဘားအံ နိုဝင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ ကျေးလက်ရေပေးရေးလုပ်ငန်းများကို ငွေကျပ် ၁၅၉ ဒသမ ၈၅ သန်းဖြင့် ကျေးရွာ ၂၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Green Universe ကုမ္ပဏီ၏ တွင်းတိမ်သုံးတွင်း၊ စက်ရေတွင်း ၁၀ တွင်း၊ လက်တူးကွင်း ၁၀ တွင်းနှင့် အခြားလုပ်ငန်း ငါးခုတို့အား နိုဝင်ဘာ ၁၇ ရက်က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးနှင့်အတူ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေး သတ်မှတ်ကာလပြီးနိုင်ရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ပါကြောင်း သိရှိရသည်။

**လင်းလင်း(ဘားအံ)**



**တနင်္သာရီတိုင်းဒေသကြီး**

## မော်တော်ယာဉ်များအား စစ်ဆေးအရေးယူခြင်းနှင့် အန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်

**မြိတ် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ခရီးသည်တင်ယာဉ်များ၊ ယာဉ်လိုင်းအသင်းမရှိဘဲ ပြေးဆွဲနေသော မော်တော်ယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေးနှင့် ခရီးသည်တင်ယာဉ်များအား ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် မြိတ်မြို့ အမှတ်(၅၂)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုတိယရဲမှူးမောင်မျိုး(ဦးစီး)သော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ ကျောက်ဖြူတောင်လမ်းဆုံ မြို့အဝင်တွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ခရီးသည်တင်ယာဉ်သွားလာမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ အဝင်/အထွက် သွားလာနေသော ခရီးသည်တင်မော်တော်ယာဉ်များတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့ရာ စည်းကမ်းနှင့်မညီညွတ်သော မြိတ်-ပုလောပြေးဆွဲနေသော ၁၂ ဦးစီးခရီးသည်ယာဉ်နှစ်စီးအား တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များပြေးဆွဲရေး ဥပဒေပုဒ်မ ၂၃(က)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် မြိတ်-ထားဝယ်-ရန်ကုန် အဝေးပြေးမော်တော်ယာဉ်လိုင်း ၂၀၊ မြိတ်-တနင်္သာရီ-ကော့သောင်း ခရီးသည်တင်ယာဉ်လိုင်း ရှစ်လိုင်း၊ မြိတ်-ပုလော-မြိတ်-တနင်္သာရီ ယာဉ်ငယ်လိုင်း နှစ်လိုင်းနှင့် ကုန်တင်ကားကြီး ကားငယ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များအပါအဝင် မြိတ်မြို့နယ်တွင် ကားအစီးရေစုစုပေါင်း ၆၀၀ ကျော်ခန့်ရှိကြောင်း ခရိုင်ယာဉ်လိုင်းပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်သူ၏ ပြောပြချက်အရ သိရသည်။ **(မြင့်ဦး-မြိတ်)**

**မန္တလေးတိုင်းဒေသကြီး**

## မိတ္ထီလာဈေးကြီးအတွင်း စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများရောင်းချမှုရှိ၊ မရှိစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂၂**

မိတ္ထီလာမြို့ စည်ပင်သာယာဈေးကြီးအတွင်းနှင့် ဈေးပြင်တွင်ရောင်းချသည့်ဈေးဆိုင်များ၌ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုရှိ၊ မရှိရှာဖွေစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ဈေးတာဝန်ခံအရာရှိ ဦးကိုကိုကျော်နှင့် ဈေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများပါဝင်သည့် အဖွဲ့က ပူးပေါင်းကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ၂၀၁၂ မှ ၂၀၁၄ အတွင်း ထုတ်ပြန်ကြေညာထားသည့် စားသုံးရန်မသင့်သော အစားအသောက်များကို မိတ္ထီလာဈေးကြီးအတွင်း အပြင်ရှိ ဈေးဆိုင်များ၌ ရောင်းချမှုရှိ၊ မရှိစစ်ဆေးခြင်းဖြစ်ပြီး ယင်းအစားအသောက်များစာရင်းတွင် ယိုစုံ (သရက်ပြား) မီးအိမ်ရှင်အမှတ်တံဆိပ်၊ စတိုင်(လ်)အမှတ်တံဆိပ်၊ ငရုတ်သီးအကြမ်းမှုန့် သွယ်သွယ်အေးအမှတ်တံဆိပ်၊ သိန်းကမ္ဘာ၊ နှင်းပုလဲ၊ သွယ်သွယ်အေး အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သည့် ငရုတ်သီးအရောင်တင်မှုန့်၊ နှင်းပုလဲအမှတ်တံဆိပ် နနွင်းမှုန့်၊ အမေထားအမှတ်တံဆိပ် ငါးပိထောင်း၊ ပန်းပွင့်ပုံဝေဖာ အမှတ်တံဆိပ်မပါ၊ ရွှေစံအိမ်အမှတ်တံဆိပ် ရှူးရှဲလက်ဖက်၊ ဝေဖာချောင်းအမှတ်တံဆိပ်မပါ၊ ဝင်းသန်းအမှတ်တံဆိပ် ငါးပိနှင့် ရှယ်ပုစွန်ငါးပိ၊ ငရုတ်သီးပုံ ချိုချဉ်ချောင်း အမှတ်တံဆိပ်မပါ၊ တုတ်ထိုးချိုချဉ် အမှတ်တံဆိပ်မပါ စသည့်အစားအသောက်မျိုးစုံ ၅၃ မျိုး ပါဝင်ကြောင်း သိရသည်။


**ချမ်းသာ(မိတ္ထီလာ)**

» စာမျက်နှာ ၄ မှ

### ၅။ Speaking

Speaking မှာတော့ကွန်ပျူတာထဲက Voice Recording အသံဖြင့် မေးလာတဲ့မေးခွန်းတွေကို Headset မှ Microphone ဖြင့် ပြန်ဖြေရမှာဖြစ်ပြီး ဖြေဆိုချိန် ၁၂ မိနစ် ကြာမြင့်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ Speaking Component ကို ဖြေတော့မယ်ဆိုတာနဲ့ Headset ကို တပ်ဆင်ပြီး Microphone ကို အဆင်သင့်ပြင်ဆင်ထားဖို့ သတိပြုစေလိုပါတယ်။

ပထမဆုံးမေးခွန်းပုံစံကတော့ မေးခွန်းတိုဖြေဆိုရတဲ့ပုံစံဖြစ်ပါတယ်။ ဖြေဆိုသူနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မေးခွန်းတို (၃)ခု မေးမှာဖြစ်ပြီး မေးခွန်းတစ်ခုချင်းစီအတွက် ဖြေဆိုချိန် ၃၀စက္ကန့်ရရှိမှာဖြစ်ပါတယ်။




(ပုံ - ၁၇) Speaking Test "Short question" ပုံစံ

ပုံ- ၁၇ မှာပြထားတဲ့အတိုင်း Speaking ဖြေဆိုတဲ့အခါမှာ မည်သည့်ခလုတ်ကိုမျှ နှိပ်ရန်မလိုအပ်ဘဲ အချက်ပေးသံကြားတာနဲ့ စကားစပြောဖို့နဲ့ အချိန်မှတ်ပေးထားတဲ့ အနက်ရောင် Timing Box ပေါ်နေစဉ် ပြောဖို့ သတိပေးလိုပါတယ်။ မိမိပြောဆိုတဲ့ အသံလှိုင်း Wave များကိုလည်း အနက်ရောင် Timing Box ထဲမှာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အချိန်စေ့တာနဲ့ အနက်ရောင် Timing Box ပျောက်သွားမှာဖြစ်ပါတယ်။



(ပုံ - ၁၈) Speaking Test "Describe a Picture" ပုံစံ


ဒုတိယမေးခွန်းအမျိုးအစားကတော့ပုံ - ၁၈ တွင် ဖော်ပြထားတဲ့အတိုင်း ပေးထားတဲ့ရုပ်ပုံကိုကြည့်ပြီး မေးခွန်းတွေကို ဖြေဆိုပေးရမှာဖြစ်ပါတယ်။ မေးခွန်းတစ်ခုချင်းစီအတွက် ဖြေဆိုချိန် ၄၅ စက္ကန့်ရရှိမှာဖြစ်ပြီး မေးခွန်းသုံးခု ဖြေဆိုရပါမယ်။



(ပုံ - ၁၉) Speaking Test "Compare two pictures" ပုံစံ

တတိယမေးခွန်းပုံစံကတော့ ပုံ - ၁၉ တွင် ဖော်ပြထားတဲ့အတိုင်း ပေးထားတဲ့ပုံနှစ်ပုံကို နှိုင်းယှဉ်ချက်နဲ့ပတ်သတ်တဲ့ မေးခွန်းများကို ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းသုံးခု ဖြေဆိုရမှာဖြစ်ပြီး မေးခွန်းတစ်ခုချင်းစီအတွက် ဖြေဆိုချိန် ၄၅ စက္ကန့် ပေးထားမှာဖြစ်ပါတယ်။နှိုင်းယှဉ်ချက် Description ပြောဆိုလေ့ကျင့်ထားဖို့ အကြံပြုလိုပါတယ်။

နောက်ဆုံးမေးခွန်းအမျိုးအစားကတော့ Screen ပေါ်မှာ ဖော်ပြထားတဲ့ မေးခွန်း ၃ ခုကို ဖြေဆိုရပါမယ်။



(ပုံ - ၂၀) Speaking Test နောက်ဆုံးမေးခွန်းနမူနာပုံစံ

ပုံ - ၂၀ တွင် ဖော်ပြထားတဲ့အတိုင်း မေးခွန်းတွေကို ဖြေဆိုဖို့အတွက် ပြင်ဆင်ချိန် ၁ မိနစ်ရရှိမှာဖြစ်ပြီး ၁မိနစ်အတွင်း မေးခွန်း သုံးခုအတွက် ကိုယ်ပြောမယ့်အကြောင်းအရာတွေကို စဉ်းစားရပါမယ်။ထိုအချိန်အတွင်း စကားပြောဖို့မလိုသလို ပြောလျှင်လည်း ကွန်ပျူတာမှ recordလုပ်ထားမှာ မဟုတ်ကြောင်း သတိပြုစေလိုပါတယ်။ ပြင်ဆင်ချိန် ၁ မိနစ်ပြီးဆုံးပါက အချက်ပေး beep သံကြားရမှာဖြစ်ပြီး ဖြေဆိုချိန် ၂ မိနစ်အတွင်း မေးခွန်းသုံးခုလုံးနဲ့ သက်ဆိုင်တဲ့အဖြေကို ဖြေပေးရပါမယ်။

Speaking Component အတွက် ဖြေဆိုချိန် ၁၂ မိနစ် ရရှိမှာဖြစ်ပြီး မေးခွန်းတစ်ခုဖြေဆိုချိန်ပြည့်တာနဲ့ တစ်ပြိုင်နက် နောက်မေးခွန်းတစ်ခုကို အလိုအလျောက်ပြောင်းသွားမှာဖြစ်ပါတယ်။သတိပြုရမယ့်အချက်တွေကတော့ စကားလုံးပီသအောင်ပြောပေးဖို့နှင့် မေးခွန်းတစ်ခုချင်းစီအတွက် သတ်မှတ်ထားတဲ့ ဖြေဆိုချိန်အတွင်းဝင်အောင် ဖြေဆိုပေးဖို့ပဲဖြစ်ပါတယ်။ အထူးသတိပေးလိုတာကတော့ မေးတဲ့မေးခွန်းနဲ့ ဆီလျော်တဲ့ အဖြေကို Screen ပေါ်မှ Timing Box မပျောက်မချင်း များများပြောဆိုဖို့နဲ့ မှန်အောင်ဖြေဆိုပြောကြားဖို့ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် Aptis Test ဟာ ဖြေဆိုသူတွေရဲ့ အင်္ဂလိပ်စာ အရည်အချင်းကို စစ်ဆေးပေးတာဖြစ်ပြီး စုစုပေါင်း Component ငါးခု ပါဝင်ပါတယ်။ စာမေးပွဲခွင့်ပြုချိန်တွေကတော့

| | |
|---|---|
| ၁။ Grammar & Vocabulary | - ၂၅ မိနစ် |
| ၂။ Listening | - ၅၀ မိနစ် |
| ၃။ Reading | - ၃၀ မိနစ် |
| ၄။ Writing | - ၅၀ မိနစ် (အချိန်ပို ၃၀ မိနစ်)နဲ့ |
| ၅။ Speaking | - ၁၂ မိနစ် တို့ဖြစ်ပါတယ်။ |

Aptis Test ဖြေဆိုမယ့်သူများ ကြိုတင်လေ့ကျင့်နိုင်ဖို့အတွက် Internet Website များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

http://www.britishcouncil.org/aptis/preparation-material
http://esol.britishcouncil.org/build-your-writing-skills
http://learnenglish.britishcouncil.org
http://www.englishclub.com

Aptis test ဖြေဆိုသူများအားလုံး ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဆက်သွယ်မေးမြန်းရန် (ရုံးချိန်အတွင်းသာ)**

၁။ ဦးဇော်မြင့်နိုင်ဦး၊ ကထိက၊ စက်နည်းပညာဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)၊ ဖုန်း - ၀၉-၈၆၁၈၇၉၇

၂။ ဦးမင်းသန်း၊ ကထိက၊ အင်္ဂလိပ်စာဌာန၊ မန္တလေးတက္ကသိုလ်၊ ဖုန်း - ၀၉-၃၃၀၅၇၀၈၅

၃။ ဦးဝင်းမြင့်၊ ကထိက၊ အင်္ဂလိပ်စာဌာန၊ မော်လမြိုင်တက္ကသိုလ်၊ ဖုန်း- ၀၉- ၅၃၂၁၈၃၅

၄။ ဒေါက်တာခင်ကျော့ကျော့ခိုင်၊ ကထိက၊ စက်နည်းပညာဌာန၊ ကွန်ပျူတာတက္ကသိုလ် (မကွေး)၊ ဖုန်း - ၀၉-၅၃၄၁၉၇၈

၅။ ဒေါက်တာမျိုးဟိန်းဇော်၊ ကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ် (မုံရွာ)၊ ဖုန်း- ၀၇၁-၂၃၆၂၈

၆။ ဦးစိုင်းစောဟန်၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၊ ဖုန်း-၀၉-၂၅၀၇၈၇၄၀၅

**အကြံပြုသတိပေးချက်**

၁။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲ Aptis Test သည် Computer-based Test ဖြစ်သဖြင့် Desktop ကွန်ပျူတာနှင့် Laptop ကွန်ပျူတာတို့ဖြင့် လေ့ကျင့်ထားပါရန် အကြံပြုပါသည်။

၂။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုမည့်သူအားလုံးသည် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းများကို စာဖြေခန်းမသို့ မပျက်မကွက် တစ်ပါတည်းယူဆောင်လာရပါမည်။

၃။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုမည့်သူအားလုံးသည် မိမိဖြေဆိုရမည့်နေ့ရက်တွင် ဖြေဆိုနည်း လမ်းညွှန်ရှင်းလင်းမှု (Aptis Test Orientation Session) အတွက် သတ်မှတ်ဖြေဆိုချိန်မတိုင်မီ ၁ နာရီကြိုတင်၍ နံနက် ၈း၃၀ နာရီတွင် စာဖြေခန်းမသို့ ရောက်ရှိရပါမည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

## လားရှိုးမြို့မဈေးကြီးမီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြ

**လားရှိုး နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခန်းများ မြေပြင်နှင့်ကိုက်ညီမှုရှိစေရေးအတွက် ဆောင်ရွက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့မဈေးအပေါ်ထပ် ကားရပ်နားကွင်း ယာယီရှင်းလင်းဆောင်တွင် လားရှိုးမြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကိုကိုဦးက လားရှိုးမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးစီစဉ်ထားရှိမှုများကို တာဝန်ရှိသူများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မဈေးအတွင်း ဈေးဆိုင်ခန်းမီးလောင်လျှင် မီးငြိမ်းသတ်မည့်ပုံ၊ အထပ်မြင့်များသို့ ကြိုးဖြင့် အတက်အဆင်း ပြုလုပ်မည့်ပုံ၊ တိုက်တစ်တိုက်မှ နောက်တစ်တိုက်သို့ ကြိုးဖြင့် ဖြတ်ကူးမည့်ပုံ၊ ဒဏ်ရာရရှိသူများအား ကယ်တင်မည့်ပုံတို့ကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်ခဲ့ပြီး ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုပုံကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့သည်။



နိုဝင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သော မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခန်းသို့ လားရှိုးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ခုနစ်စီး၊ အပေါ့စားစက်သုံးလုံး၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၅ ဦး၊ လားရှိုးမြို့နယ် ကြက်ခြေနီအသင်းဝင် လေးဦးတို့ဖြင့် လားရှိုးမြို့မဈေးကြီးမီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

■

ရန်ကုန်တိုင်းဒေသကြီး

## စီမံကိန်းဝင်ကျေးရွာများ၏ လက်တွေ့အကောင်အထည်ဖော်မှု စစ်ဆေး

**သုံးခွ နိုဝင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ ကဒပွနကျေးရွာနှင့် ပုလဲကျေးရွာတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးလင်းရေး၊ ရောင်းဝယ်ရေး၊ ကုန်ထုတ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများက နိုဝင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၎င်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်မှုကြောင့် ကျေးလက်နေပြည်သူများ၏ဝင်ငွေမှာ လူတစ်ဦးချင်းမှ မိသားစုအလိုက် ဝင်ငွေတိုးပွားရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ဆင်းရဲနွမ်းပါးမှုကိုလျှော့ချသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၀၂၀)

ပဲခူးတိုင်းဒေသကြီး

# မဒေါက်တန်ဆောင်တိုင်မီးမျှော်ပွဲတော် ရိုးရာမပျက်နွှဲပျော်

**မဒေါက် နိုဝင်ဘာ ၂၂**

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှော်ပွဲတော်ကို ရာသီဥတု အခြေ အနေကြောင့် နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ရက်ပြောင်း၍ကျင်းပခဲ့ပြီး မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းဘေး ဗဟို မဏ္ဍပ်၌ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်တို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။



ယခုနှစ် မီးမျှော်ပွဲတော်၌ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၊ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်အားကစားပွဲများ ထည့်သွင်းယှဉ်ပြိုင်မှု ကျင်းပခဲ့သည့်အပြင် နိုဝင်ဘာ ၁၇ ရက်တွင် ရှင်ဥပဂုတ္တ မထေရ်မြတ်အား စစ်တောင်းမြစ်အတွင်း လှည့်လည်အပူဇော်ခံမည့် အစီအစဉ် မကျင်းပမီ မွန်းလွဲ ၁ နာရီကျော်ခန့်က စတင်ကာ စစ်တောင်းမြစ်အတွင်း၌ ယိမ်းအကအဖွဲ့ ၁၁ ဖွဲ့က ယိမ်းအကများဖြင့် ဖျော်ဖြေယှဉ်ပြိုင်မှုများပြုလုပ်ခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားပွဲများတွင် ရွေးချယ်ဆုများချီးမြှင့်ပေးခဲ့ပြီး ယိမ်းအကအဖွဲ့ ယှဉ်ပြိုင်မှုများတွင် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်လေးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများ၊ မြန်မာ့ဩဘာ စိုက်ပျိုးရေးကုမ္ပဏီနှင့် ပွဲတော်ကျင်းပရေးကော်မတီများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တ မထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် မီးမျှော ပူဇော်ရာ ဒေသခံပြည်သူများ၊ ပွဲတော်လာပရိသတ်များက တပျော်တပါး မီးမျှောပူဇော်ခဲ့ကြသည်။

**(သတင်းနှင့် ဓာတ်ပုံ ပိန်းဇလုပ်သိန်းညွန့်)**

စစ်ကိုင်းတိုင်းဒေသကြီး

# ပန်ဆောင်မြို့၌ ညဏ်တော်အမြင့် ၁၀၈ ပေရှိ ရွှေတိဂုံပုံတူစေတီတော်တည်ဆောက်ရန် မြေသန့်မင်္ဂလာနှင့် ထီးတော်တင်လှူပွဲအခမ်းအနားများ ကျင်းပ

**ပန်ဆောင် နိုဝင်ဘာ ၂၂**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့တွင် အမြင့်ပေ ၃၆၆၆ ရှိ ကုန်းတော်ပေါ်တွင် တည်ထား ကိုးကွယ်မည့် ဉာဏ်တော်အမြင့် ၁၀၈ ပေ ရွှေတိဂုံပုံတူစေတီတော်တည်ဆောက်ရန် မြေသန့်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်တွင် ပန်ဆောင်မြို့၌ ကျင်းပသည်။

အခမ်းအနားကို မင်္ဂလာအချိန် မွန်းတည့် ၁၂နာရီတွင် သက်တော်ရှည်လီဗိုဆရာတော်နှင့် ပင့်သံဃာတော်များက ဦးဆောင်၍ မြေသန့်မင်္ဂလာအခမ်းအနားကို စတင်ခဲ့ပြီး မြေ ၁၄၄ ပေ ပတ်လည်တွင် ဆရာတော်ဦးဆောင်ကာ နေ့နံနေရာအလိုက် ပန္နက်တော်များစိုက်ထူခဲ့ကြောင်းသိရသည်။

အလားတူ ပန်ဆောင်မြို့ နောင်ယန်းကျေးရွာနှင့် လောက်လိုင်ကျေးရွာတို့တွင် ကိုးတောင်ပြည့် တိလောကမာန်အောင်စေတီတော်နှင့် တိလောကရန်အောင်ဆုတောင်းပြည့်စေတီ ထီးတော်တင်လှူပွဲအခမ်းအနားများကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အဆိုပါ ကျေးရွာများ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်များက ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့များက ထီးတော်တင်လှူခြင်း၊ ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

ရန်ကုန်တိုင်းဒေသကြီး

# သုံးခွမြို့နယ်တွင် အခြေခံပညာကျောင်းများအဆင့်တိုးမြှင့်

**သုံးခွ နိုဝင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးအဆင်ပြေစေရန်နှင့် ပညာရည်တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ကျောင်းဆောင်သစ်များတိုးချဲ့ခြင်း၊ ကျောင်းများအဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် အခြေခံပညာအလယ်တန်းကျောင်း မင်းရွာကျေးရွာကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့လည်းကောင်း၊ ထုံးကြီးကျေးရွာ၊ တမံကြီးကျေးရွာ၊ မင်းရွာအသင်းကျေးရွာများရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(မူလွန်)အားအခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။ ထို့ပြင် တူးမြောင်းသဲကုန်းကျေးရွာ၊ ညွှန့်ပေါင်းကျေးရွာ၊ အောင်မင်္ဂလာတဲစုတို့ရှိ အခြေခံပညာမူလတန်းကျောင်းတို့အား ဖွင့်လှစ်သင်ကြားခွင့်ပြုခဲ့ကြောင်းသိရပြီး သုံးခွမြို့၌ အခြေခံပညာကျောင်းစုစုပေါင်း ၁၄၅ ကျောင်းရှိကြောင်း သိရသည်။ ဤကဲ့သို့ ပညာရေးဝန်ကြီးဌာနမှ ကျေးလက်ဒေသရှိ အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေး၍ ဒေသခံကျောင်းသား ကျောင်းသူများ ပညာရေးဆိုင်ရာ အခွင့်အလမ်းများပွင့်လန်းလာခဲ့ရာ ကျေးလက်နေပြည်သူများဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**(ကိုကျော်-သုံးခွ)**

ဧရာဝတီတိုင်းဒေသကြီး



# ညောင်တုန်းမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်

**ညောင်တုန်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ပင့်ဆောင်၍ လှည့်လည်အပူဇော်ခံခြင်းကို နှစ်စဉ်ကျင်းပခဲ့ရာ မိဘပြည်သူများ ရောဂါခပ်သိမ်း အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးစေခြင်း၊ ကမ္ဘာ အဆက်ဆက်ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားများကို ဘုရားပွဲလာပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန်တို့ကို ရည်ရွယ်၍ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၅ ရက် ညနှင့် လပြည့်ကျော် ၁ ရက်ညများတွင် ကျင်းပခဲ့ရာ နှစ်ပေါင်း (၅၇)နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်းမြို့သည် နှစ်စဉ်တန်ဆောင်တိုင်ပွဲတော်ကို အကြီးကျယ်ဆုံးနှင့် အစည်ကားဆုံးကျင်းပသော မြို့တစ်မြို့ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်မှစ၍ လပြည့်ကျော် ၉ ရက် (နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်)တိုင်အောင် မြို့၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းများသို့ တစ် ညစီပင့်ဆောင်၍ လှည့်လည်ပူဇော်ရာတွင် ရပ်ကွက်များရှိ ဘုရားကျောင်းများကို သပ္ပာယ်အောင်ပြင်ဆင်ကြသည်။ အဆိုပါ ကျောင်းဆောင်များကို ပန်းရထား၊ ဆင်ပျံ၊ မြင်းပျံ၊ နဂါးရုပ်၊ ကရဝိက်၊ ပဥ္စရူပ၊ ယုန်မင်း၊ ဟင်္သာ၊ ဒေါင်းမင်း စသည့် အရုပ်များပေါ်သို့ ပင့်ဆောင်၍ ရပ်ကွက် ၁၀ ခုက ကမ္ဘာ အဆက်ဆက်ပွင့်တော်မူပြီးသည့် အစီအစဉ်အတိုင်း လှည့်လည်အပူဇော်ခံကြသည်။ ယခုနှစ်တွင် ယာယီ ရက်ရွှေ့ဆိုင်းခဲ့ရသော်လည်း ယခင်နှစ်များအတိုင်း စည်ကားလှသည်။

နှစ်ကျိပ်ရှစ်ဆူသော ဘုရားများမြို့တွင်းပင့်ဆောင် လှည့်လည်အပူဇော်ခံရာတွင် ရပ်ကွက်များမှ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မင်းသား၊ မင်းသမီးအက၊ ရုပ်သေးအက၊ ဆင်၊ မြင်း၊ ရွှေသမင်၊ ဒေါင်းမင်းအက၊ ပုဂံအက မျိုးစုံတို့ဖြင့် ဘုရားပွဲလာဧည့်ပရိသတ်များအား ကပြဖျော်ဖြေကြသည့်အပြင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ဈေးပွဲတော်များ၊ အနယ်နယ်အရပ်ရပ်မှ ဈေးသည်များ၊ အပျော်စီးချားရဟတ်များဖြင့် မြို့ရောနယ်ပါ ကြက်ပျံမကျစည်ကားလျက်ရှိသည်။ အဆိုပါ ဘုရားပွဲတွင် နှစ်ကျိပ်ရှစ်ဘုရားများ မြို့တွင်းသို့ ပင့်ဆောင်ပူဇော်ရာ ဘုရားပွဲဖြစ်မြောက်ရေးဗဟိုကော်မတီမှ ရပ်ကွက်အလိုက် ဆုများချီးမြှင့်ရာတွင် ဘက်စုံ ပထမဆုကို အမှတ်(၁၀)ရပ်ကွက်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက လည်းကောင်း၊ ဒုတိယဆုရအမှတ် (၉)ရပ်ကွက်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမင်းက လည်းကောင်း၊ ပူးတွဲတတိယဆုရ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်တို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးကိုကိုမောင်တို့က လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပြီး နှစ်သိမ့်ဆုရ ရပ်ကွက်(၁)၊ (၂)၊ (၃)၊ (၅)၊ (၆)နှင့် (၇)တို့အား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

ကရင်ပြည်နယ်

# လှိုင်းဘွဲ့မြို့နယ်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်


**ဘားအံ နိုဝင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ငွေကျပ် ၂၂၂ ဒသမ ၃၅ သန်းဖြင့် ဘန်သိန်းကုမ္ပဏီမှ လမ်း (၁၀/၀)မိုင်၊ တံတားပေ ၁၀၀၊ ရေပြွန် ရှစ်စင်းအားလည်းကောင်း၊ ငွေကျပ် ၁၄၇ ဒသမ ၅ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရှိန်းထက်ဇော်ကုမ္ပဏီမှ လမ်း (၄/၀)မိုင် သစ်သားတံတား တစ်စင်း၊ ရေပြွန်လေးစင်းအားလည်းကောင်း၊ ငွေကျပ် ၁၈၁ ဒသမ ၅၄ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သံလွင်ဖားစည်ကုမ္ပဏီမှ လမ်း(၉/၀)မိုင်၊ တံတား လေးစင်း၊ ရေပြွန် ငါးစင်းတို့ကို နိုဝင်ဘာ ၁၉ ရက်က ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးနှင့်အတူ လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးတို့က ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအချိန် ပြီးစီးရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။



**(ပြည်နယ်ကျေးလက်ဦးစီးဌာန)**


KHIT HME OO
Construction Co., Ltd.
Junction Avenue Residence
Special Promotion
နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ
တွင်ဝယ်ယူသူများအတွက်
5%
+
လေအေးပေးစက်(၄)လုံး
ဇန်နဝါရီလ
တွင်ဝယ်ယူသူများအတွက်
3%
+
လေအေးပေးစက်(၄)လုံး
Contact : 01-2305123, 09-8632663, 09-420002412, 09-254134158. E-mail : khitmeoo@gmail.com
ခေတ်မှီဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အမှတ်(၁၂)၊ ဗဟိုလမ်း၊ (သီရိမြိုင်ဘုတ်ဘာအနီး)၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။



ညောင်တုန်းမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်

စာမျက်နှာ ၆ » »

## မဒေါက်တန်ဆောင်တိုင်မီးမျှောပွဲတော် ရိုးရာမပျက်နွှဲပျော်

စာမျက်နှာ ၆ » »



## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ Aptis Test ဖြေဆိုနည်းလမ်းညွှန်

စာမျက်နှာ ၃၊ ၄၊ ၅ » »

## မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် တောင်ပေါ်ဒေသ လေ့လာရေးခရီးစဉ်

» » ရွှေဖုံးမှ

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှခေါင်းဆောင်သော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးမြင့်ရှော်ချန်း၊ မုံးပေါ်ဒေသမှ ဦးတန်ဂွန်းတို့အပါအဝင် အဖွဲ့ဝင် ခြောက်ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်ပြီး တောင်ပေါ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့ကြသည်။ ခရီးစဉ်အရ နိုဝင်ဘာ ၄ ရက်တွင် ဂျပန်နိုင်ငံ ချူကုဘရို(JICA)ရုံးမှတစ်ဆင့် အမျိုးသားစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာသုတေသနဌာနသို့ ရောက်ရှိကာ ကျေးရွာအလိုက် စိုက်ပျိုးမြေထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ၊ ဟင်းသီးဟင်းရွက် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ နိုဝင်ဘာ ၅ ရက်တွင် နာဂါနိုဒေသအစိုးရအဖွဲ့ရုံးသို့ သွားရောက်ပြီး နာဂါနိုခရိုင်အတွင်း အဓိကစိုက်ပျိုးသီးနှံများဖြစ်သော ဆန်စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးမှုအခြေအနေများ၊ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများအတွက် ဈေးကွက်ဖန်တီးဖော်ဆောင်ပေးနေမှုများကို လည်းကောင်း လေ့လာကြည့်ရှုခဲ့ကြသည်။ နာဂါနိုခရိုင်သည် ဒေသရာသီဥတုနှင့်ကိုက်ညီသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းအမျိုးမျိုးနှင့်မှို စသည်ဖြင့် စိုက်ပျိုးသီးနှံအမယ်အမျိုးအစားပေါင်း ၁၀၀ ကျော် ထုတ်လုပ်ကာ ခရီးလမ်းမဝေးလှသည့် တိုကျိုမြို့တွင် ကြီးမားသောဈေးကွက်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့တွင်ပင် ချီကုမမြို့တော်ဝန် Mr. Akio Okada နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ Mori Food Industry Co.,Ltd. ၏ သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန် အဆင့်ဆင့်ပြုလုပ်သည့် စက်ရုံသို့သွားရောက်လေ့လာခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက်တွင် Hama စိုက်ပျိုးရေးခြံသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အီနာမြို့ လယ်ယာထွက်ကုန်တိုက်ရိုက်အရောင်းဌာန Green Farm Cooperation သို့ သွားရောက်လေ့လာခဲ့သည်။ အဆိုပါအရောင်းဌာနကို ၁၉၉၄ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ကုမ္ပဏီပေါင်း ၁၅၀ က သမဝါယမစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ၊ ပန်းမန်များ၊ အစားအစာအမျိုးမျိုး၊ မျိုးစေ့မျိုးပင်အမျိုးမျိုး၊ အသားငါးနှင့် နို့ထွက်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများအပါအဝင် ထွက်ကုန်အမျိုးမျိုး ရောင်းချလျက်ရှိသည်။ နိုဝင်ဘာ ၇ ရက်တွင် ရှင်းရှုတက္ကသိုလ်သို့ ရောက်ရှိကာ လယ်ယာစိုက်ပျိုးရေးသုတေသနဌာနမှ သုတေသနမှူး Mr. Nemoto Kazuhiro က နာဂါနိုခရိုင် ကုန်းမြင့်ဒေသတွင် တောင်စောင်းစိုက်ပျိုးရေးဆောင်ရွက်နေသောလုပ်ငန်းများအခြေအနေ၊ ဒေသထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ လယ်ယာထွက်ကုန်များပြုပြင်ထုတ်လုပ်ခြင်းနှင့် တိုက်ရိုက်အရောင်းစနစ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အိုဟားရားကျေးရွာတွင်တွေ့မြင်ရသော အော်ဂဲနစ် စိုက်ခင်းများ။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၈ ရက်တွင် ကျိုတိုမြို့မှတစ်ဆင့် ခရီးသွားလုပ်ငန်း၌ ကျော်ကြားထင်ရှားသော မိယာမကျေးရွာသို့ ရောက်ရှိလေ့လာခဲ့ကြသည်။ ယင်းကျေးရွာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀၊ ၂၀၀ခန့်မှ ယနေ့အချိန်ထိ ရှေးရိုးအစဉ်အလာအတိုင်း ဆောက်လုပ်ထားသော ရိုးရာအိမ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနသစ်တောစိုက်ခင်းများ၊

စာမျက်နှာ ၂ သို့ » »



## နတ်မောက်တွင် သီးထပ်သီးညှပ်စိုက်ခင်းများ စိုက်ပျိုးအောင်မြင်

**နတ်မောက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မိုးကောင်းသောက်ယာမြေများ မိုးသီးနှံနှမ်း၊ မြေပဲနှင့်သီးညှပ် ပဲစင်းငုံစိုက်တန်းအကြား ဆောင်းသီးနှံ မြေပဲ၊ ပဲလွမ်း၊ ပဲတီစိမ်း သီးထပ်စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်မိုးသီးနှံ နှမ်းစိုက်ခင်းများ အထွက်နှုန်းထိခိုက်ခဲ့သော်လည်း သီးထပ်ပဲတီစိမ်း၊ မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး သီးညှပ်ပဲစင်းငုံများလည်း ယခုနှစ်တွင် ပိုမိုသီးပွင့်ပြီး အထွက်နှုန်းပိုမိုရရှိနိုင်သည့်အတွက် နှစ်ချုပ်အားဖြင့် တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်နိုင်မည်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

“ဒီနှစ်ကတော့ မိုးဦးနှမ်းမှာ တောင်သူတွေတော်တော်လေးအထိနာတယ်။ ဆောင်းသီးနှံတွေကတော့ လူတိုင်းနီးပါး ကောင်းကြပါတယ်။ ဒီနှစ် သီးနှံမျိုးစေ့တွေကို စိုက်ပျိုးရေးဌာနက ပညာပေးဖြန့်ဖြူးမှုတွေ တော်တော်လေးလုပ်ပေးနေတာကို တွေ့ရှိရတယ်။ မိုးကောင်းသောက် စပါးမျိုး၊ ရေဆင်းစပ်မျိုးနေကြာ၊ ပဲတီစိမ်း(ရေဆင်း-၁၄)မျိုး၊ မြေပဲ(ဆင်းပဒေသာ-၁၁)မျိုးတွေကလည်း ဒီနှစ်မှ မျိုးသန့်တွေရပြီး စိုက်ကြရတာဆိုတော့ ဒေသနဲ့အကြိုက်တွေ့တယ်” ဟု ဒေသခံတောင်သူတစ်ဦးက ဝမ်းမြောက်စွာပြောသည်။ **လှဝင်း(မြို့နယ် ပြန်/ဆက်)**

## ဖခင်အမည်မှန်

အ. ထ. က(၂) စမ်းချောင်း Grade (5) တာရာခန်းတွင် ပညာသင်ကြားနေသော မောင်သုဟန်သစ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းထွန်း [၁၂/ဗဟန(နိုင်)၀၈၈၆၀၂] ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းထွန်း**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အထက(၄) ပဥ္စမတန်း(A)မှ မောင်ပြည့်ဖြိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန့်ဖြစ်ပါကြောင်း။

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာ သင်တန်း
AutoCAD - 3ds Max | VIDEO EDITING | ENGLISH Language | MOBILE PHONE Software • Hardware
LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN
HOT LINE - 0949290778, 253293, 395352 10%

## အများသိစေရန်ကြေညာခြင်း

ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်၊ ပရိက္ခရာတန်းလမ်းနေ ဦးအေးသိန်း [၇/ရတန(နိုင်) ၀၀၉၄၄၃]သည် ၃-၈-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ကျန်ရစ်ပစ္စည်းများကို ဆွေမျိုးများမှ စီမံခန့်ခွဲမည်ဖြစ်၍ ကန့်ကွက်လိုသော အမွေဆိုင်များရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ဆွေ**
**[၇/ရတန(နိုင်)၀၁၄၂၃၄]**
**သံကြိုးတန်းလမ်း၊**
**သရက်တောရပ်ကွက်**

ဒေါ်နိုင်နိုင်ဝင်း
B.Sc (Chem), Dip. LCCI (I-II-AD), ACCA Part II
LCCI, ACCA

LCCI-EDI (UK)
LCCI Level 1-2-3
AutoCount & MYOB Computerised Accounting

American Speaking
( Listening & Speaking )
English Speaking
(Basic Grammar & Speaking)
U WIN MAW ( P.E.S. )
-503492 / 516503

## Martin's Learning Center နှင့် Assumption University of Thailand (ABAC)တို့ ပူးပေါင်း၍ MBA (Batch 12)နှင့်Ph.DOD(Batch 3)အတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

Martin's Learning Center နှင့် AU တို့ပူးပေါင်း၍ MBA နှင့် Ph.DOD သင်တန်းများကို ၂၀၁၅ခုနှစ်၊ January Intake အတွက် (Batch 12) နှင့် Ph.DOD(Batch 3) ကို ရန်ကုန်မြို့တွင် ထပ်မံဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါ MBA နှင့် Ph.DOD သင်တန်းတက်ရောက်ရန်အတွက် မည်သည့်တက္ကသိုလ်မှမဆို Bachelor Degree နှင့် Master Degree ဘွဲ့ရရှိထားပြီးသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်ခွင့်ရရှိရန် MBA သင်တန်းအတွက် ABAC၏ English Placement Test နှင့် Ph.DOD သင်တန်းများအတွက် Aptitude Essay Test ကိုဖြေဆိုရမည်ဖြစ်ပြီး IELTS (သို့) TOEFL ဖြေဆိုထားပြီးသူများအတွက်မှာမူ ABAC၏ English Placement Test ဖြေဆိုမှုကို ကင်းလွတ်ခွင့်ရမည်ဖြစ်ပါသည်။

သင်တန်းကြေးများကို အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု Assumption University (ABAC)မှ ချီးမြှင့်သော စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ (MBA)နှင့် အဖွဲ့အစည်းများဖွံ့ဖြိုးမှုဆိုင်ရာ ပါရဂူဘွဲ့(Ph.DOD)ကို ပြည်တွင်း၌ အချိန်ကုန်၊ ငွေကုန် သက်သာစွာဖြင့် သင်ယူရရှိနိုင်မည့် အခွင့်အရေးကောင်း တစ်ခုဖြစ်ပါသည်။

လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

Martin's Learning Center: အမှတ်(၂၄)၊အေးရိပ်မွန်လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။

ဖုန်း-၀၉၄၃၁၀၉၈၀၅၊ ၀၉၇၃၀၉၆၅၇၆၆၀၊ ၀၉၄၂၈၀၁၅၄၂၂

Email:chocho.abac@gmail.com/martinlearningcenter.myanmar@gmail.com

Website:www.grad.au.edu/www.au.edu

JES Driver Academy
... JES Driver Academy ... 09 8581144, 09 32173735, 09 421033567, 09 420165439, 09 421037413
www.facebook.com/jesdriveracademy

JES Driver Agency အတွက်
... 09 8581144, 09 32173735

ထင်းချောင်း နှင့် အရိန္ဒမာ
... ခင်လှိုင်ကြူ

ရောင်းမည်
... Sq ... 31'×36' ... 3-M Suite, 1-DB, 2-SB, 2-Common Bath+Toilet, (Jacuzzi, Bath Tub, Stand Shower) Exhaust Fan, W.H, 4A/C, SKY-NET ... SHRINE, LIVING RM, DINING RM, KITCHEN & STORE RM, LAWN 16'×25' ...
... 01-374965, 09-5031909, 09-5150302

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၉၈၅)အမည်ပေါက် ဦးအုန်းမြင့်အမည်ဖြင့်ရှိသော ပေ(၄၀×၆၀)မြေကွက်၏ တောင်ဘက်(ခေါင်းရင်းခြမ်း) ပေ(၂၀×၆၀)၊ မြေကွက်အမှတ်(၉၈၅/က)နှင့် ယင်းမြေပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ဦးအုန်းမြင့်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူနေထိုင်ပိုင်ဆိုင်သူ/ရောင်းချခွင့်ရှိသူ ဒေါ်တင်မေ[၁၂/ဥကတ(နိုင်)၀၆၄၅၆၅]ထံမှ ဒေါ်ခင်ဆွေယု[၁၂/ တမန(နိုင်) ၀၄၆၈၆၁]ကအပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက သတင်းစာကြော်ငြာပါပြီး (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး တရားဝင်စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ညီညီဦး(စဥ်-၂၉၁၉၀)**
**အထက်တန်းရှေ့နေ**

SYNEDGE PROFESSIONAL INSTITUTE
No. 99, Room 4B, 11th Street, Lanmadaw Tsp., Yangon
Contact: 09-254955479, 09-254179902, 09-5400870
New Classes 29th Nov 2014 & 06th Dec 2014
Cert in Business Management
Cert in Personal Selling
Cert in Marketing Management
Cert in Insurance Claims Management
Cert in Basic Insurance
Cert in Health Insurance
Cert in Commercial General Insurance

ရောင်းမည်
Ph: 09 5095512, 09 495603091


Ph.D. (Alternative Medicine)

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မှ (၁)နာရီသာသာ (65 KM) ... ပေ(၄၀၀) ... (၄)ဧက ...

တန်ဖိုး သိန်း-၂၅၀၀

ဆက်သွယ်ရန်ဖုန်း- ၀၉-၇၃၀၇၆၅၅၆ ၊ ၀၉- ၂၅၀၄၂၅၀၁၃ ၊ ၀၉-၄၅၀၀၁၆၈၈၀၊




## ပျောက်ဆုံးကြောင်း

မောင်မင်းခိုင်[၁၂/မဂတ(နိုင်)၀၀၉၄၀၀]သည် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ၀၉-၄၂၀၀၀၉၈၈၀ သို့အကြောင်းကြားပေးပါရန်။

## (၅)နှစ်ပြည့်မင်္ဂလာဆုတောင်း

၂၃-၁၁-၂၀၁၄ရက်မှာ ကျရောက်သည့် ဗိုလ်မှူးမင်းခိုင်-တီတီသီဂီဝင်းတို့ရဲ့(၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင် ချစ်ချစ်ခင်ခင်နှင့် ရွှေခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ-ဆုတောင်းလျက်။

**သမီး-ကြာဖြူ၊ ငယ်ငယ်** **(တူ၊တူမလေးများ)**
**သား-အားမာန်၊ ကောင်းစစ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း


ယာဉ်အမှတ်၂၀/၈၃၂၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန-ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဇလပ်ပွင့်ကုမ္ပဏီမှ ရောင်း/ငှားမည်

| | | |
|---|---|---|
| 1. တ/ဥ(၆)ပြဟ္မစိုရ်လမ်း၊ | 20'x60' , 3RC တိုက်သစ်၊ ဂရန် | 6000L |
| 2. ဘုရင့်နောင်လမ်းမ(ဂုတ်)ပေါက်တော၀ | 35'x85', 2½RC, ဂရန်တိုက်သစ် | 8000L |
| 3. အရှေ့ဒဂုံ(3)ဗထူးလမ်းမ | 40'x60' ဂရန် | 3500L |
| 4. မ/ဒဂုံ (32)VIP | 80'x60', မြေ၊ ဂရန် | 3500L |
| 5. မ/ဒဂုံ(43) ပညာတန်ဆောင်လမ်းသွယ် | 80'x60',Lကွက်၊ ဂရန် | 2200L |
| 6.အရှေ့ဒဂုံ (4) အနော်ရထာလမ်းမ | 40'x 100', ဂရန် | 2000L |
| 7. မ/ဒဂုံ(38) တပင်ရွှေထီးလမ်းမအနီး | 40'x60', ဂရန် | 950L |
| 8. ၁၀-မိုင်အောင်စေတီလမ်းသွယ် | 40'x60', ဘိုးဘွား | 2500L |
| 9.မရမ်းကုန်း မြို့သစ်လမ်းသွယ် | 25'x50', မြေL ကွက်၊ ဂရန် | 1100L |
| 10.ရှစ်မိုင်မြိုင်ဟေဝန်အိမ်ရာ | 1000sqft,4F | 600L |
| 11.လှိုင်ပိတောက်ရွှေဝါလမ်းသွယ် | 24'x40', 5R Hall တိုက်သစ် | 3300L |
| 12. ၉မိုင် Ocean ကွန်ဒို | 1550sqft, 8F, M1,S2 ပြင်ပြီး | 15L |
| 13. Junction-8ကွန်ဒို | 1350sqft,2F,M1,S2, ပြင်ပြီး | 17,21L |
| 14. ပြည်လမ်းမ(ရှစ်မိုင်) | 50' x 100' , မြေ | 100L |
| 15.ကျိုက်ဝိုင်းဘုရားလမ်းမ | 90'x190', စားသောက်ဆိုင်ရ | 100L |

**Ph:09-31548348, 09-254084664, 09-30221966**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃G¹၊ မြေကွက်အမှတ်-V ၆၀၊ မြေကွက်တည်နေရာအမှတ်-၁၆၉/၁၇၁၊ ကမ်းနားလမ်း၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ်၊ ဦးရှု၊ ဒေါ်တင်ရွှေ၊ ဦးခင်မောင်တင် အမည်ပေါက်နှစ်(၆၀) မြေငှားဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးရှုနှင့် ဇနီး ဒေါ်ခင်စီတို့ ကွယ်လွန်သဖြင့် ကျန်သား၊ သမီး အမည်ပေါက် နှစ်ဦးဖြစ်သောဒေါ်တင်ရွှေ[၁၂/အလန(နိုင်)၀၀၆၈၄၉]၊ ဦးခင်မောင်တင်[၁၂/ အလန(နိုင်)၀၀၆၈၄၈]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်၊ မှတ်ပုံတင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအား (၇)ရက်အတွင်း ကန့်ကွက်တင်ပြလာခြင်းမရှိကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/က၊ မြေကွက်အမှတ် (၅/ဏ)၏ မခွဲမစိတ်ရသေးသော ဧရိယာ (၆၀'×၇၀')၊ မြေကွက်တည်နေရာအမှတ်(၈၆/ခ)၊ လေးဒေါင့်ကန်လမ်း၊ ဆ/ကရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်(ဒါလာက်)အမည်ပေါက် အယ်လ်(သက်ကုန်) မြေအား အမည်ပေါက် ဒါလာက်ထံမှ မှတ်ပုံတင်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးဆောင်း+၂ ကို တရားပြိုင်ထား၍ ဦးမွန်နာ(ခ)အောင်လွင်+၁ တို့၏ အခွင့်ရ ကိုယ်စားလှယ် ဦးအောင်အောင်ဦးမှ တရားလိုပြုလုပ်၍ စွဲဆိုသော အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်(၁၃၂/၁၄)၏ စီရင်ချက်နှင့်ဇာရီမှုအမှတ်(၈၀/၁၄)၏ အမိန့်(၁၀-၇-၂၀၁၄)ရက် ဘီလစ်ခန့်စာကို တင်ပြပြီး တရားရုံးဘီးလစ်ဒေါ်မင်းမင်းကြိုင် [၉/ခမစ (နိုင်) ၀၀၄၆၂၁]မှ တရားရုံး (ကိုယ်စား) အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၀၃၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်မြန်မာ ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊မြေကွက်အမှတ်(၁၃၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၃၇/ခ)၊ ရာဇသင်္ကြန်(၃)လမ်း၊(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်တင်စိန်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်တင်စိန်၊ (ဖခင်) ဦးမြင့်ဆွေတို့ အသီးသီးကွယ်လွန်သဖြင့် ၁။ဒေါ်သန်းသန်းဝင်း [၁၂/ဥကတ(နိုင်)၀၁၆၂၉၅]၊ ၂။ဦးအောင်ဝင်း [၁၂/ဥကတ(နိုင်)၀၁၂၇၄၂]၊ ၃။ဦးခင်မောင်ဝင်း [၁၂/ ဥကမ(နိုင်)၁၃၈၁၇၄]၊ ၄။ဒေါ်လှိုင်ထားဆွေ [၁၀/သထန(နိုင်)၀၂၅၄၆၄]၊ ၅။ဒေါ်ဇင်မာဆွေ [၁၂/ဥကတ(နိုင်)၀၁၂၅၂၁]၊ ၆။ဦးဝင်းမြင့်ကျော် [၁၂/ဥကတ(နိုင်)၁၃၃၇၉၇]တို့က သားသမီးတော်စပ်ကြောင်း သေစာရင်းနှင့် ကျမ်းကျိန်လွှာတို့တင်ပြပြီး ၎င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၀၉/၁၄)နှင့် (၇၂၈/၁၄)နှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ(၆၅၈၂/၁၄)နှင့် (၆၅၈၃/၁၄)တို့ကို တင်ပြ၍ GP ရသူ ဦးမျိုးမြင့်[၁၂/ဗဟန(နိုင်)၀၄၈၁၅၇]က ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း တင်ပြကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



